# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလဆန်း (၅) ရက် ၊ တနင်္လာနေ့ ၊ (15-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၆၀)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၂)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**နေပြည်တော် ဇန်နဝါရီ ၁၅**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၂)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား–**

ယနေ့ဇန်နဝါရီ ၁၅ ရက်သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကယားပြည်နယ်နေ့ဖြစ်ပါသည်။

ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ် ပါဝင်ခဲ့ပြီး **စာမျက်နှာ ၁၈ ကော်လံ ၁** ☞

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၅၄ ဦးနှင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၆၂ ဦး စုစုပေါင်း ၁၁၆ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် **စာမျက်နှာ ၂၁ ကော်လံ ၁** ❑



ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်
အယ်ဒီတာ့အာဘော်

## အကြမ်းဖက်သောင်းကျန်းသူများလုပ်ရပ် ပြည်သူတို့ကန့်ကွက်ရှုတ်ချ

အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်တချို့တွင် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသားများ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြား ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများကို **Drone** များအသုံးပြု၍ **Drop Bomb** များပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများအတွင်းသို့ ဝင်ရောက်နေရာယူ၍ အခိုင်အမာခံစစ်စခန်းပြုလုပ်ခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများဖြင့် ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရပေသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် **MNDAA** ပူးပေါင်း အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်မြို့နယ် စီအောကျေးရွာ၏ မြောက်ဘက်ပွိုင့်-၂၂၀၂ တောင်ကုန်း(ဆင်ဦးကင်းကုန်း)ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတစ်ဆူကို အကြမ်းဖက်သမားများက ဖြိုချဖျက်ဆီးခဲ့ခြင်းဖြင့် ဘာသာတရားအပေါ် အကြမ်းဖက်မှုများ ပြုလုပ်လာသည်ကို တွေ့ရှိရပေသည်။

အကြမ်းဖက်သောင်းကျန်းသူများက ထိုကဲ့သို့ ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို မိုက်ရိုင်းစော်ကားစွာဖျက်ဆီးလျက်ရှိကြသဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လုံးဝလက်မခံဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိသည်ကို တွေ့ရပေသည်။

ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားခြင်းနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုများက ကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။ ထိုသို့ ကန့်ကွက်ရှုတ်ချရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျိုးချစ်ပြည်သူများက ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းတွင် သမ္မတရုပ်ရှင်ရုံရှေ့ စုရပ်မှ ဆူးလေစေတီလမ်းမကြီးတစ်လျှောက် ချီတက်ကာ ကြွေးကြော်သံများကြွေးကြော်ကြသည်။

အလားတူ ဇန်နဝါရီ ၁၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ မြို့တော်ခန်းမရှေ့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာဘုရားစေတီရင်ပြင်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ခရိုင်အားကစားကွင်း၌လည်းကောင်း၊ ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားဝင်းအတွင်း၌လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ်အားကစားကွင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ ကန်သာရပ်ကွက် ကန်သာကန်၌လည်းကောင်း အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်အပေါ် ကန့်ကွက်ရှုတ်ချကြသည်။

**MNDAA** အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်း၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ကွမ်းလုံမြို့တို့အတွင်း တိုက်ပွဲများ ဖော်ဆောင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာမှ ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရားစေတီများကို ဖြိုချဖျက်ဆီးခြင်းများပြုလုပ်၍ ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်လာခြင်းများကို ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း၊ အဆိုပါအကြမ်းဖက်သောင်းကျန်းသူများသည် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို မိုက်ရိုင်းစွာ ဖျက်ဆီးစော်ကားခြင်းကြောင့် အကုသိုလ်အကျိုးကို မလွဲမသွေ ခံစားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၂၅၄၇၂ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်၊ တရားရိပ်က အေးမြတဲ့အတွက် လာရောက်ဘုရားဝတ်ပြု တရားထိုင်သူတွေလဲ ရှိကြပါတယ်။ ဘုရားဖူးတွေက ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ နေ့စဉ်ဖွင့်လှစ်ရောင်းချနေတာကို တွေ့ရပြီး ဝယ်ယူသူတွေနဲ့စည်ကားနေပါတယ်။ နေပူ၊ မိုးရွာတဲ့အခါ ဘုရားဖူးတွေ အေးအေးဆေးဆေး အနားယူလို့ရအောင်လဲ နားနေဆောင်တွေ ဆောက်လုပ်ပေးထားပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၇၁၈၄၇ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ဦးရေ ၂၄၀၀ လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၂၂၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

## မန္တလေး-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်တွင် ရေပေါ်ပြ၊ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၈၀ စိုက်ထူပြီးဖြစ်

**မန္တလေး ဇန်နဝါရီ ၁၄**

ဧရာဝတီမြစ် မန္တလေး- ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်တွင် ဇန်နဝါရီလအတွင်း ရေပေါ်ပြ၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ စိုက်ထူပြီးဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ- ၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဇန်နဝါရီ ၉ ရက်မှစ၍ ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၈၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၈၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၆၀ စိုက်ထူပြသ ပေးလျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်ထိ ရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ စိုက်ထူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်တာကြောင့် အချို့နေရာတွေမှာ သောင်ထွန်းနေလို့ ရေယာဉ်တွေ သွားလာရာမှာ အခက်အခဲမရှိစေဖို့ ရေလမ်းညွှန်အမှတ်အသားစိုက်ထူတဲ့လုပ်ငန်းတွေ လုပ်ဆောင်ပေးနေပါတယ်။ မန္တလေး-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်မှာလဲ ဇန်နဝါရီ ၉ ရက်ကစပြီးတော့ ရေလမ်းညွှန်အမှတ်အသားတွေ စိုက်ထူပြသပေးနေတာ ဇန်နဝါရီ ၁၃ ရက်ထိတော့ ရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ စိုက်ထူပြီးဖြစ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်ရေ ကျဆင်းလာခြင်းကြောင့် မြစ်အတွင်း သောင်ထွန်းမှုများ၊ ရေလမ်းကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် မန္တလေးဆိပ်ကမ်းမှ ခရီးသည်တင်ရေယာဉ်နှင့်ကုန်တင်ရေယာဉ်များအနေဖြင့် မြစ်အတွင်း သွားရာတွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို သတိပြု သွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

## မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှဝင်ရောက်လာသည့် ပိုလ်စားပဲများ အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပိုလ်စားပဲများ နေ့စဉ် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိ ပိုလ်စားပဲ ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပိုလ်စားပဲက တောင်ပေါ်ဒေသတွေကပဲထွက်ရှိပြီး ဈေးကို အပြိုင်ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသဘက်က ထွက်တာမရှိတော့ပါဘူး။ တောင်ပေါ်ဒေသက ပဲထွက်ပြီး ဈေးကွက်အတွင်းကို နေ့စဉ်ဝင်ရောက်နေတာကြောင့် အရောင်းအဝယ်တွေကောင်းနေပါတယ်။ စိုက်ပျိုးမှုတွေကလဲ အရင်နှစ်တွေနဲ့စာရင် နည်းလာပါတယ်။ အခြားသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့ သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးနေကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် မုရိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မုရိုးကျေးရွာအုပ်စု မုရိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ထူးနေခြည်ခင်နှင့် ဝန်ထမ်းများက မုရိုးကျေးရွာအုပ်စု မုရိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မုရိုးကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၃၀၀ ရှိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၄၁ သန်းအသုံးပြု၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မုရိုးကျေးရွာရှိ အိမ်ခြေ ၂၄၉ အိမ်၊ လူ ၁၉၄၅ ဦးတို့ သောက်သုံးရေများ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။ **ဟိန်းထက်ဖိုး(မလှိုင်)**

# လွိုင်လင်မြို့နယ် ဟိုက်ခိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လွိုင်လင် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုက်ခိုက်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုက်ခိုက်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ငွေကျပ် ၅၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရှိုသန်းညွန့်**

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၂၀၄ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၂၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်ကပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၀၉၁၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၂၂၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မြေပဲဧက ၁၀၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ ဆောင်းမြေပဲ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးရာမှာလဲ တစ်ဧကအထွက်နှုန်းတိုးဖို့အတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟုခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၉၇၉၆၈ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၄၂၃၆ ဧက စုစုပေါင်း ၁၁၂၂၀၄ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက် မြေပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၉၅၂၆၈ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၃၈၉၆ ဧက စုစုပေါင်း ၁၀၉၁၆၄ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် မြေပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေပဲအောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် လှကမန်းကျေးရွာ၌ ဂဝံမြေသားလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လှကမန်းကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လှကမန်းကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေသားလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ကြရန် မှာကြားသည်။

လှကမန်းကျေးရွာ၌ အရှည်ပေ ၂၀၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျေးရွာတွင်း ဂဝံမြေသားလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁၀ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာ တတိယပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ်ရေ ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ်ရေ ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပိုင်ရှင်များသည် ဒေသထွက် စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလက ရန်ကုန်ဈေးကွက်သို့ ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ်ရေ ၆၉၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ်ရေ ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဒီဇင်ဘာလက ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ်ရေ ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိ ဒေသထွက် လက်ကျန်ပေါ်ဆန်းဆန်တွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ဆန်အမျိုးအစားတွေကတော့ အစုံပါပဲ။ လက်ရှိဒေသထွက်ဆန်တွေထဲက ပေါ်ဆန်းဆန် အဝယ်လိုက်နေပါတယ်။ ဆန်တွေကို ကုန်တင်ကားနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ မှ ၁၂၂၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန်များ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရခြင်းကြောင့် ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပိုင်ရှင်များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကြိုးစားရမယ့်အချိန်

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

ဆွေးနွေးတင်ပြချင်တာက ဘာအဓိကလဲဆိုတော့ **"အရည်အသွေး"**အကြောင်းပါ။ အခုခေတ်လူတွေ အပြောများကြတဲ့၊ အသုံးများတဲ့ အင်္ဂလိပ်စကားတစ်လုံး ကြားနေကျမို့ နားရည်ဝနေကြပါပြီ Quality ကွာလီတီတဲ့။

အရည်အသွေး။

အဲဒါမပြောခင် ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းတာ အရင်လုပ်ရမှာပဲဗျာ။

ဘာပြုလို့လဲမေးရင် ကိုယ့်ပေါင်ကို သူများထောင်းရင် နာနာထောင်းတာခံရမှာမို့ မိမိဘာသာ မိမိထောင်းတော့ ခပ်ဖွဖွလေးထောင်းပြလိုက်မှာလေ။ သက်သာတာပေ့ါ။ နာအောင်မထောင်းဘူးလေ။

ကျွန်တော်တို့ သဘောထားအမြင်နဲ့လဲဆိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ မိဘဘိုးဘွားလက်ထက်ကတည်းက အရည်အသွေးနဲ့ပတ်သက်ရင် အုပ်စုသုံးစုပဲ စဉ်းစားခွဲခြားသတ်မှတ်လေ့ရှိကြတယ်နော်။ ဒီလို-

၁။ တော်တယ်

၂။ သင့်တယ်

၃။ ညံ့တယ်

ကျွန်တော်တို့စိတ်ထဲမှာ "သင့်ရင် တော်ပါပြီ"လို့ ကျေနပ်နေတတ်တယ်။ ဥပမာပြောရရင် ကျွန်တော်တို့ဆွေမျိုးများ လူအမည်မှည့်တာကြည့်လေ။

**မောင်သင့်**တဲ့။

ဒုတိယဗိုလ်ချုပ်ကြီး၊ ဝန်ကြီး။

**မယ်ငွေသင့်**တဲ့၊ ကျွန်တော့်အဘွားအမည်။

**ကောင်းကြပါ**

သင့်ရုံနဲ့သာ ရောင့်ရဲကျေနပ်နေတတ်ခဲ့တဲ့ ထုံးစံအစဉ်အလာ ခံယူချက်ရှိခဲ့ကြောင်း အကျယ်မပြောတော့ပါ။

တစ်ခါက ဗိုလ်ချုပ်ကြီး နေဝင်းက ဗိုလ်မှူးကြီး မောင်သင့်ကိုပြောဖူးတယ်။

"မောင်သင့်၊ မင်းက သင့်ရုံနဲ့ပြီးရောလား။ မောင်ကောင်းဘယ်တော့ဖြစ်မှာလဲ"

အားလုံးက ပြက်လုံးတစ်ခုလိုပြုံးကြပါတယ်။ သာမန် အရပ်ထဲကလူတွေလိုတော့ ဝါးခနဲမရယ်ရဲကြပါ။ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်သာသာရှိတဲ့အချိန်တစ်ခုမှာ တပ်မတော်အကြီးအကဲတစ်ယောက်က တပ်မှူးကြီးတစ်ဦးကို မချိုးမြောက်ခင်မှာ အမှတ်တရ စတဲ့နောက်တဲ့စကား၊ စာရေးသူတို့အရာရှိငယ်ဘဝမှာ လူကြီးတွေ ပြောသံဆိုသံကြားခဲ့ရဖူးတယ်။ မိမိတို့ မော်ဘီဗိုလ်သင်တန်းကျောင်းမှာ ဗိုလ်လောင်းသင်တန်းတက်ရတုန်းက ကျောင်းအဝင်လမ်းမှာ စက်ဘီးလေးနင်းလာတဲ့ ဗိုလ်ကြီးမောင်သင့်ဆိုတာ စတင်သိခဲ့ရတာပေ့ါ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ တာဝန်ကျလာရတဲ့ အချိန်တွေထဲမှာပဲ တပ်မ(၉၉) တပ်မမှူး ဗိုလ်မှူးကြီးမောင်သင့်၊ ရမခ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်သင့်။ နောက်တော့ ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်၊ ဝန်ကြီး စသဖြင့် အဆင့်ဆင့်ရာထူးတာဝန်တွေ ထမ်းဆောင်သွားတာ မြင်ခဲ့ရပါတယ်။ ဦးနေဝင်းက မောင်ကောင်းဘယ်တော့ဖြစ်မှာလဲ၊ မကောင်းလာသေးဘူးလားဟု အမည်တစ်ခုအကြောင်းပြုပြီး သူ့ရဲ့လက်အောက်က တပ်မှူးတစ်ယောက်ကို ချစ်ခင်ရင်းနှီးစွာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မြေပုံခန်းအစည်းအဝေးခန်းထဲမှာ စစ်ရေးစစ်ရာတွေနဲ့ ခေါင်းပူစရာဆွေးနွေးတိုင်ပင်နေတဲ့ကြားက ပေ့ါပေ့ါပါးပါးဖြစ်အောင် ပြုံးစရာ၊ ရယ်စရာပြောခဲ့ဖူးတယ်လေ။

**"သင့်ရုံမျှနဲ့ ကျေနပ်မနေနဲ့"**ဆိုတဲ့ လူကြီးစိတ်ထဲရှိခဲ့တာကို ဟာသအနေနဲ့ နာမည်တစ်ခုအကြောင်းပြုရင်း လက်အောက်ငယ်သားတွေကို မှာကြားတိုက်တွန်းခဲ့တာလည်း ဖြစ်နိုင်တာပါပဲ။ စကားပရိယာယ်။ တစ်နှစ်တာလုံးသင်ကြားခဲ့ရတဲ့ ဘာသာရပ်သင်ခန်းစာအားလုံးကို မတ်လမှာ စာမေးပွဲဖြေရတာက အအောင်၊ အရှုံး အဆုံးအဖြတ်ပါပဲ။ စာမေးပွဲဟာ ယနေ့ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလတို့မှာ အားသွန်ခွန်စိုက်ကြိုးစားလိုက်ရင် အချိန်ဟာ အဖိုးတန်တယ်။ ထိရောက်တယ်။

**အကဲဖြတ်**

အရည်အသွေးနဲ့ပတ်သက်လို့ အကဲဖြတ်အမှတ်ပေးရာမှာ စာရေးသူတို့ကျောင်းသားဘဝက အဆင့်အလွှာငါးမျိုးသတ်မှတ်ပြီး လေ့ကျင့်ခန်းဖြေလွှာဖြစ်ဖြစ်၊ စာမေးပွဲအောင်မှတ်မှာဖြစ်ဖြစ် သတ်မှတ်လေ့ရှိခဲ့ပါတယ်။ အထက်တန်းကျောင်းမှာတော့ အမှတ် ၁၀၀ စကေးနဲ့ စစ်ဆေးတာလေ။

ရမှတ် ၈၀ နဲ့အထက်ရရင် ဂုဏ်ထူးပေ့ါ။

တက္ကသိုလ်က ခွဲခြားတဲ့ Grade တွေက-

၁ မှတ်ဆိုတာ အုပ်စု (၁) Grade I **ညံ့**

၂ မှတ်ဆိုတာ အုပ်စု (၂) Grade II **လိုသေး**

၃ မှတ်ဆိုတာ အုပ်စု (၃) Grade III **သင့်**

၄ မှတ်ဆိုတာ အုပ်စု (၄) Grade IV **တော်**

၅ မှတ်ဆိုတာ အုပ်စု (၅) Grade V **အထူးတော်၊ ထူးချွန်**။

အဆင့် ငါးဆင့်ကို အတိုကောက်မှတ်သားခဲ့တာ အလွတ်ရနေပါတယ်။ **"ညံ့၊ လို၊ သင့်၊ တော်၊ ထူး"** ရမှတ် ၁၀၀ ပေးတဲ့စနစ်ကို အဆင့်ငါးပိုင်းခွဲခြားတဲ့ သဘောမျိုးပါ။ တိတိကျကျမမှတ်မိပေမယ့် သတိရသလောက်မှန်းပြောကြည့်ရရင် ဒီလိုဖြစ်မယ်ထင်ပါတယ်။

**ရမှတ်**

၁။ ဂရိတ်ဝမ်း= ရမှတ် သုညမှ ၃၀ မှတ်၊ ညံ့

၂။ ဂရိတ်တူး= ရမှတ် ၃၀ မှ ၃၉ မှတ်၊ လို

၃။ ဂရိတ်သရီး= ရမှတ် ၄၀ မှ ၇၄ မှတ်၊ သင့်

၄။ ဂရိတ်ဖိုး= ရမှတ် ၇၅ မှ ၉၄ မှတ်၊ တော်

၅။ ဂရိတ်ဖိုက်=ရမှတ် ၉၅ မှ ၁၀၀ မှတ်၊ ထူးချွန်။

ကျွန်တော်တို့ နှစ်ပေါင်းများစွာ ကျောင်းသားဘဝ စာမေးပွဲတွေ၊ လေ့ကျင့်ခန်းတွေ၊ ကျူတိုရီယယ်ဖြေကြားရတာတွေကို ဖြတ်သန်းခဲ့ရာမှာ စာမကြိုးစားခဲ့ရင်တော့ ကျတာပဲ။ စာမကျက်ရင်မဖြေနိုင်ဘူး။ မဖြေနိုင်ရင် အမှတ်နည်းတာပေ့ါ။

အောင်ရုံဆို တော်ပါပြီဆိုပြီး စာကြည့်။ သိတာနည်းနည်း၊ မဖြေနိုင်တာက များများ။ ကျတာပဲ။

အောင်မှဖြစ်မယ်ဆိုပြီး တစ်နှစ်လုံးစာကြည့်၊ စာကျက်၊ ဖြေနိုင်တာကများများ၊ အောင်တာပဲ။

ဂုဏ်ထူးထွက်မှ ငါကြိုက်တဲ့တက္ကသိုလ်ကို ရွေးပြီး တက်ခွင့်ရမယ်၊ တစ်နှစ်လုံးစာကြည့်မယ်၊ စာကျက်မယ်၊ လေ့ကျင့်ခန်းတွေ ပိုင်အောင် ရေးလေ့ကျင့်နေမယ်ဆိုရင် ဂုဏ်ထူးတွေထွက်၊ အမှတ်တွေကောင်း၊ ကိုယ်တက်ချင်တဲ့တက္ကသိုလ်ရောက်သွားတော့တာပါပဲ။

**ဘဝရေး**

တော်အောင်ကြိုးစားရင် တော်တာပါပဲ။ သင့်ရုံကျေနပ်နေရင် သင့်တဲ့အဆင့်သာရပေမှာပဲ။ ဒါဟာ မိမိရည်မှန်းသလောက်၊ ကြိုးစားအားထုတ်သလောက်သာ ထိုက်တန်စွာရခြင်းသဘော။ ကျောင်းသားဘဝလွန်မြောက်ကြလို့ ဘဝသမုဒ္ဒရာမှာ ဝမ်းစာရေးအတွက် အလုပ်လုပ်ကြရမှာလည်း Grade IV၊ Grade V ရအောင် ကြိုးစားမယ်ဆိုတဲ့လူစားက ရှားနေပုံရတာပဲ။ ဒါဟာ သူများတကာကို ပတ်ချာလှည့်ပြီး အမြစ်ရှာပြောသလိုဖြစ်ရင် တောင်းပန်ပါတယ်။

ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်စွမ်းမရှိကြလို့လားမေးရင် ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်စွမ်းက ရှိကြပါတယ်။ နမူနာတစ်ခုပဲ ထင်ထင်ရှားရှားပြပါရစေ။

ဗီယက်နမ်ဆိုတာ တရုတ်ပိုင်နက်လက်အောက် နှစ်ပေါင်း ၄၀၀ ကျော်လောက် ကျရောက်နေခဲ့ရဖူးတယ်နော်။ ကျွန်ဖြစ်မိရင် ပြန်လွတ်အောင်လုပ်ဖို့ဟာ တော်တော်မလွယ်တာ။ ခက်ခက်ခဲခဲ လွတ်အောင် ရုန်းရတာ။ သွေးနဲ့ အသက်ပေါင်းများစွာရင်းနှီးပြီး တော်လှန်တိုက်ခိုက်ပါမှ လွတ်မြောက်နိုင်တာ။ နယ်ချဲ့အင်္ဂလိပ်က ၆၂ နှစ်တိုင်တိုင် မရမနေ စစ်ပွဲ သုံးကြိမ် (၁၈၂၄-၁၈၈၅) ကျူးကျော်ဆင်နွှဲတာ၊ ခုခံခဲ့တာတောင်မှ (၁၈၈၅-၁၉၄၇) ကာလအတွင်း မြန်မာဟာ ၆၂ နှစ် ကျွန်ဖြစ်ခဲ့ရဖူးတယ်။

တရုတ်ဟာ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်။ အကြိမ်ပေါင်းများစွာ မြန်မာကို ကျူးကျော်စစ်တွေ ဝင်ရောက်တိုက်ခိုက်ခဲ့ဖူးပါတယ်။ သမိုင်းစာမျက်နှာတွေမှာ သေသေချာချာ လေ့လာကြည့်လိုက်ပါ။ မျက်မှောက်ခေတ်အခြေအနေ ရှည်ရှည်ဝေးဝေး ဖော်ပြနေစရာမလိုတဲ့အခြေအနေမို့ မဖော်ပြလိုတော့ပါ။ ပျူခေတ်မှာ ဟန်လင်း၊ တကောင်းကို တရုတ်တပ်တွေ ဖျက်ဆီးမီးရှို့တာခံခဲ့ရဖူးပါတယ်။ ပုဂံခေတ် နရသီဟပတေ့မင်းဟာ ပုဂံမင်းနေပြည်ကို စွန့်ခွာပြီး ပုသိမ်ထိ ဆုတ်ခွာရှောင်ပြေးခဲ့ရဖူးပါတယ်။ ရာဇဝင်မှာ တရုတ်ပြေးမင်းရယ်လို့ တွင်ခဲ့ပါလေရော။ စစ်ရှုံးခဲ့ရပေမယ့် မြေမဆုံးခဲ့ပါ။ အစာရေစာရှားပါးငတ်မွတ်လို့ တရုတ်တပ်တွေ တာရှည်မနေနိုင်ခဲ့ဘူးလေ။ (မြေလှန်စနစ်နဲ့ ခွာစစ်ဆင်ခဲ့ကြတာကိုး) စားစရာမရှိ၊ သောက်စရာမရှိ၊ တရုတ်တပ်ကြီးဟာ ပုဂံလွင်ပြင်ကနေ ယူနန်ဆီကို ပြန်ခွာသွားခဲ့ရပါတယ်။

အင်းဝခေတ်၊ ကုန်းဘောင်ခေတ် ကျူးကျော်မှုထိုးစစ်အားလုံးကို တွန်းလှန်မောင်းထုတ်နိုင်ခဲ့တာပါပဲ။ အကျယ်မပြောလိုပါဘူး။ ဗန်းမော်၊ ကောင်းတုံ၊ ကွတ်ခိုင်၊ သိန္နီ၊ ကျိုင်းတုံ၊ မိုင်းမ စတဲ့စစ်မြေပြင်တွေမှာ မန်ယုံမော်တိုက်ပွဲဆိုတာ ရန်သူကို အလောင်းတွေပုံသွားအောင် တိုက်ပြလိုက်တာပဲ။ နောက်ဆုံးတော့ ပြန်လည်ဆုတ်ခွာသွားရတာချည်းပေ့ါ။ ဗီယက်နမ်လို သူ့လက်အောက်ခံဘဝ မကျရောက်ခဲ့ရဖူးပါဘူး။

သမိုင်းဆိုတာ မသိလို့မရဘူး။ ကိုယ့်လူမျိုးရဲ့ ရာဇဝင်အစဉ်အလာဆိုတာ မင်နဲ့ရေးထားတာမဟုတ်။ သွေးနဲ့ ရွှေမြန်မာတွေရေးခဲ့တာလေ။ ကိုယ့်ခေတ်မှာမှ သွေးကြောင်လို့မရဘူး။ မျိုးရိုးဇာတိမာန်တော့ ယနေ့လူငယ်တွေရှိကြဖို့ အချိန်တန်ပြီ။

**ဇာတိမာန်**

ဗီယက်နမ်မှ မဟုတ်ပါဘူး။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ တရုတ် စတဲ့ နိုင်ငံတော်တော်များများဟာ ၁၈ ရာစု၊ ၁၉ ရာစုမှာ ဥရောပမှ စက်မှုထွန်းကားတဲ့ အရင်းရှင်နယ်ချဲ့ ဒတ်ချ်၊ ပေါ်တူဂီ၊ စပိန်၊ ပြင်သစ်၊ အင်္ဂလိပ် စတဲ့နိုင်ငံ ကျားတွေ၊ ခြင်္သေ့တွေရဲ့ သားကောင်တွေဖြစ်ခဲ့ကြတာချည်းပါပဲ။ ထိုင်းနိုင်ငံကတော့ နယ်ချဲ့သူတို့ချင်းရဲ့ကြားခံအဖြစ်ချန်ထားလို့ ကံကောင်းစွာ လွတ်ပြီးကျန်ခဲ့လေရဲ့။ ကျွန် မဖြစ်ဖူးဘူး။ ကိုလိုနီနိုင်ငံဘဝ မကျရောက်ပေမယ့် နိုင်ငံခြားစစ်စခန်းချတာတော့ ခွင့်ပြုပေးခဲ့ရဖူးတာမျိုးတော့ ရှိခဲ့တယ်။ ထားပါတော့။

စစ်ရေးစစ်ရာ နိုင်ငံရေးကို ပြောလိုရင်းမဟုတ်ပါ။ ပညာရေးနဲ့ စီးပွားရေးကို တိုတိုကျဉ်းကျဉ်းသိမြင်အောင် ဖော်ပြချင်တာပါ။

လက်တွေ့အသုံးချ စိုက်ပျိုးရေး၊ မွေးမြူရေးအတတ်ပညာပဲ နမူနာကောက်ပြီး ဆွေးနွေးရအောင်။

ဗီယက်နမ်လည်း စိုက်ပျိုးရေးနိုင်ငံပဲ။ စပါးအများစု တင်ပို့နိုင်တယ်။ ကော်ဖီလည်း အောင်မြင်နေပြီ။ ထိုင်းလည်း စိုက်ပျိုးရေးအခြေခံခဲ့တာပါပဲ။ ဆန်မှအစ၊ သီးနှံပန်းမာလာ တင်ပို့နေတာပဲ။ စိုက်ပျိုးရေးအောင်မြင်။ မြန်မာလည်း ဆန်စပါးနဲ့ ပဲအမျိုးမျိုးထွက်ပါရဲ့။

**ဆန်စပါး**

တစ်ဧကအထွက်နှုန်းတွေ ယခင်ကော ယခုရော နှိုင်းယှဉ်လေ့လာကြည့်လိုက်ပါလား။ ကိန်းဂဏန်းစာရင်းဇယားတွေ နှိုင်းယှဉ်သုံးသပ်သင့်တာပေ့ါ။

မြန်မာဟာ ဆန်စပါးတစ်ဧကအထွက်နှုန်းမှာ ဗီယက်နမ်နဲ့ ထိုင်းရဲ့အထွက်နှုန်းရဲ့အောက်မှာ အများကြီးနည်းနေသေးတာ တွေ့ရပါလိမ့်မယ်။ သူများက တင်း ၂၀၀ ကျော်နှုန်းထွက်ရှိနေချိန်မှာ မြန်မာလယ်သမားက တစ်ဧက တင်း ၁၀၀ မထွက်နိုင်ပါ။ တင်း ၆၀ ကနေ ၇၀ ပျမ်းမျှသာထွက်ပါရဲ့။ အထွက်နှုန်း ထက်ဝက်တောင်မရှိသလို ဆန်အမျိုးအစား နိုင်ငံခြားကို တင်ပို့ရာမှာလည်း သူတို့လောက် ဈေးကောင်းမရရှာပါ။ သူတို့ထက် ညံ့တယ်၊ နိမ့်တယ်ဆိုတဲ့ အမျိုးအစားပဲ ထုတ်လုပ်နေကြတာပါလား။

မြန်မာနိုင်ငံဟာ ခေတ်အဆက်ဆက် စိုက်ပျိုးရေးကို အဓိကထားရတဲ့ စိုက်ပျိုးရေးနိုင်ငံဖြစ်လို့ ပုဂံခေတ်မှစပြီး ဆည်တွေ၊ တာတမံတွေ တည်ဆောက်ပြီး ဆည်ရေသောက်လယ်တွေ တိုးပွားအောင် ကြိုးစားခဲ့ကြတယ်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်ထက်မှာ ဆည်၊ တမံတွေ အရေအတွက်အများဆုံးတည်ဆောက်ခဲ့တဲ့ကျေးဇူးကြောင့် ဆည်ရေသောက်လယ်မြေတွေတိုးပြီး စပါးအထွက်နှုန်း အရေအတွက်များခဲ့ပါတယ်။

**အရည်အသွေး**

ထိုင်းတို့၊ ဗီယက်နမ်တို့၊ ဂျပန်တို့လို စပါးအထွက်နှုန်းတိုးတက်အောင်၊ တန်ဖိုးရှိတဲ့ ဆန်အမျိုးအစား တင်ပို့နိုင်အောင် မဖြစ်မနေလုပ်ဆောင်နိုင်ဖို့ဆိုတာက အရင်းအမြစ် လူ့အရည်အသွေးတွေ မြှင့်တင်ကြဖို့ပဲ မဟုတ်လား။

**"လူ့သာသပစာန"**ပါလေ။ မြန်မာတွေဟာ မညံ့ပါ။ ဖြစ်မြောက်နိုင်စွမ်းရှိကြပါတယ်။ ဖြစ်မြောက်အောင်လုပ်မယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်ချက်တော့ ပထမရှိရမယ်။ စပါးကိစ္စ၊ လယ်ယာကိစ္စ၊ သာဓကနမူနာပြောတာပါ။ စက်ရုံအလုပ်ရုံ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား အဆများစွာ တိုးမြှင့်ထုတ်လုပ်အသုံးချနိုင်ရေး၊ နယ်ပယ်အားလုံးမှာ ထုတ်လုပ်နိုင်စွမ်းအား (Productivity)ကော၊ အရေအတွက်သာမက အရည်အသွေး (Quality) ကော အားထည့်လုပ်ဆောင်ကြဖို့ တတိယထောင်စုနှစ်ရဲ့ ပထမရာစု (၂၁) ရာစုခေတ်က ကျယ်ကျယ်လောင်လောင် သမိုင်းပေးတာဝန်အနေနဲ့ တောင်းဆိုနေပါတယ်။

စာမျက်နှာ ၅ သို့ ➤

❖ "လူ့သာသပစာန"ပါလေ။ မြန်မာတွေဟာ မညံ့ပါ။ ဖြစ်မြောက်နိုင်စွမ်းရှိကြပါတယ်။ ဖြစ်မြောက်အောင်လုပ်မယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်ချက်တော့ ပထမရှိရမယ်။ စပါးကိစ္စ၊ လယ်ယာကိစ္စ၊ သာဓကနမူနာပြောတာပါ။ စက်ရုံအလုပ်ရုံ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား အဆများစွာ တိုးမြှင့်ထုတ်လုပ်အသုံးချနိုင်ရေး၊ နယ်ပယ်အားလုံးမှာ ထုတ်လုပ်နိုင်စွမ်းအား (Productivity)ကော၊ အရေအတွက်သာမက အရည်အသွေး (Quality) ကော၊ အားထည့်လုပ်ဆောင်ကြဖို့ တတိယထောင်စုနှစ်ရဲ့ ပထမရာစု (၂၁) ရာစုခေတ်က ကျယ်ကျယ်လောင်လောင် သမိုင်းပေးတာဝန်အနေနဲ့ တောင်းဆိုနေပါတယ်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ ကန်ဒေါ်လာ ခုနစ်ဘီလီယံရရှိခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၄**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ခုနစ် ဘီလီယံရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရရှိခဲ့ပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

"စက်မှုကုန်ချောကဏ္ဍအနေနဲ့ နိုင်ငံတကာတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိမှုကတော့ ဒီဘဏ္ဍာနှစ်ကိုးလတာကာလအတွင်းမှာ အမေရိကန်ဒေါ်လာ ခုနစ် ဘီလီယံရရှိခဲ့ပြီး စက်မှုကုန်ချောအနေနဲ့ အဓိက အများဆုံးတင်ပို့တာကတော့ CMP လက်ခစားချုပ်ပြီး အထည်တွေ တင်ပို့မှုဖြစ်ပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြသည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များတွင် CMP ချုပ်ပြီးအထည် တင်ပို့မှုသည် ပထမနေရာတွင်ရှိနေပြီး ဒုတိယနေရာသည် သဘာဝဓာတ်ငွေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်များတွင် ရေနံထွက်ပစ္စည်းတင်သွင်းမှုက ပထမနေရာတွင်ရှိနေပြီး ဒုတိယနေရာသည် ချည်မျှင်နှင့် အထည်အလိပ်တင်သွင်းမှုဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။

ASH




➤ **စာမျက်နှာ ၄ မှအဆက်**

**အရှင်းအမြင်**

အဲဒါရဲ့ ရေသောက်မြစ် အဓိကအညွှာကဘာလဲ။ စာဖတ်သူနဲ့ စာရေးသူတို့အပါအဝင် အားလုံးသော မြန်မာတိုင်းရင်းသားတွေရဲ့ ကိုယ်ထဲမှာရှိနေကြတဲ့ ငုပ်လျှိုးနေတဲ့ ပါဝါစွမ်းအင်တွေကို ထုတ်ဖော်သုံးကြဖို့ပါပဲ။

ဣဒ္ဓိပါဒ်လေးပါးဆိုတဲ့ အဓိပတိတရားပေါ့။

ပဋ္ဌာန်းဒေသနာတရားတော်ထဲမှာပါပြီးသား အဓိပတိပစ္စယောဆိုတာလေ။ ရွတ်ဆိုရွတ်ဖတ်ရုံမျှနဲ့မပြီးပါ။ လက်တွေ့အလုပ် အကျင့်တရားအဖြစ် ကိုယ်စီအားထုတ်ကြရမှာပါခင်ဗျာ။

၁။ မဖြစ်မနေ၊ မရမနေ ထက်သန်ပြင်းပြတဲ့ ဆန္ဒာဓိပတိ၊ ဆန္ဒခွန်အားသုံးပါ။

၂။ ဓားတောင်ကိုကျော်ပြီး မီးပင်လယ်ကိုဖြတ်မယ်ဆိုတဲ့ စိတ္တာဓိပတိ၊ ထက်သန်ပြင်းပြစိတ်အင်အား။

၃။ မအိပ်မနေ၊ မခိုမကတ်၊ အလုပ်ကိုသာ စွဲစွဲမြဲမြဲစူးစိုက်ပြီး အထူးကြိုးစားတဲ့ ဝီရိယာဓိပတိ၊ လုံ့လ။

၄။ အတတ်ပညာ၊ နည်းပညာကောင်းစွာ ကျွမ်းကျင်တတ်မြောက်ပြီး အသုံးချနိုင်စွမ်းရှိတယ်ဆိုတဲ့ ဝိမံသာဓိပတိ၊ ပညာဓိပတိ။

ယနေ့ ဒီလ၊ ဒီနှစ်၊ ဒီခေတ်ကတော့ ကြိုးစားရမယ့်အချိန်မဟုတ်လား။

**နိဂုံး**

တကယ်တိုးတက်ပါမှ သူတကာထက် အောက်ကျနောက်ကျ အဖိနှိပ်ခံ၊ အနိုင်ကျင့်ခံ၊ ဩဇာပေးခြယ်လှယ်တာကို ခံရမယ့်ဘေးမှ လွတ်မြောက်နိုင်မယ်မဟုတ်လား။ စာရေးသူမှာ စာပေတာဝန်ရှိလို့ မိမိကိုယ်ကို ဝေဖန်ရေးလုပ်ပြီး ဖော်ပြပါရစေ။

ကျွန်တော်တို့ မြန်မာလူမျိုးမှာ "ဖြစ်မြောက်နိုင်စွမ်း" အမှန်တကယ်ရှိကြပြီးသားပါ။ ရှိနေပါတယ်။ **ပြုပြင်ရော သုံးချက်တော့ လိုအပ်နေတယ်–**

၁။ မကောင်းတဲ့အကျင့်ဆိုးတွေပါ။ **(အကျင့်ကောင်း)**

၂။ စည်းကမ်းမဲ့လုပ်နေကြတာတွေပါ။ **(စည်းကမ်းရှိ)**

၃။ ရှေ့နောက်ညီညွတ်စွာ ဖြောင့်ဖြောင့်မတ်မတ်ကြိုးစားရမယ့်အစား ကြုံရာကျပန်း တောရောက်တောင်ရောက် သဝေထိုးတတ်တာမျိုးပါ။ **(ရည်မှန်းချက်က တိကျခိုင်မာရမယ်)**

ဒီသုံးချက်ကိုသာ သေသေချာချာပြုပြင်လိုက်ရင် ကနေ့ပြုပြင် ကနေ့ကစပြီး နိုင်ငံနဲ့လူမျိုးဟာ ဖြစ်မြောက်နိုင်စွမ်းရှိပြီးဖြစ်တာနဲ့အညီ တစ်ဟုန်ထိုး တိုးတက်အောင်မြင်သွားမှာပါ ခင်ဗျာ။ ရဲရဲယုံကြည်ပါ။

# တစ်စိတ်တစ်ဝမ်း တာဝန်ထမ်းလျှင်

\- ပြည့်အရေးကိုဖြင့်
ကြည့်တွေးကြ ညီစေသော်၊
စိတ်ဝမ်းဖြူ ညီတူမျှ
ကြည်ဖြူကြနော်၊
တစ်မိဖွား အဆွေတော်
နေပျော်ရာ တိုင်းပြည်မြို့၊
တောရွာမြေ အလှစစ်
ထွန်းသစ်စေဖို့။

\- နိုင်ရာဝန် ဆောင်ယူလို့
ရှေ့ဆက်စို့ ညီညာစေ၊
တွဲလက်ကူ ရိုင်းပင်းအားနှင့်
တိုင်းရင်းသားဆွေ၊
အားသစ်နှိုး အသိဖွေ
အမိမြေ သာစေရေး၊
ပြည်တစ်ခွင် မြေအနှံ့
တည်တံ့ငြိမ်းအေး။

\- စိတ်ဝမ်းဖြူ ဂုဏ်ရည်သွေး
ထုံကြည်မွှေး ရနံ့ဖြာ၊
မြန်တိုင်းပြည် အလှတိုး
ဖွံ့ဖြိုးစည်သာ၊
တစ်စိတ်တစ်ဝမ်း တည်စေရာ
သည်မြေမှာ ညီနောင်စု၊
ပြည့်မဏ္ဍိုင် ဂုဏ်ဖော်ညွှန်း
ဖြစ်ထွန်းအောင်ပြု။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# မင်းဘူးမြို့နယ် အင်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အင်ပင်လှကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၇၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အင်ပင်လှကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၂၉၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ်သိန်း ၁၈၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၉ ဦးကို ငွေကျပ် ၄၇၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

## နိုင်ငံတကာ သတင်းများ

# တာလတ်ပစ်ဒုံးကျည်တစ်စင်း မြောက်ကိုရီးယားနိုင်ငံ ပစ်လွှတ်

**ပြုံယမ်း ဇန်နဝါရီ ၁၄**

မြောက်ကိုရီးယား နိုင်ငံသည် တာလတ်ပစ်ဒုံးကျည်အဖြစ် ယူဆရသော ဘလစ်စတစ်ဒုံးကျည်တစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန် ပင်လယ်ရေပြင်အတွင်းသို့ ယနေ့တွင် ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

ပြုံယမ်းမြို့တော် တစ်နေရာမှ ပစ်လွှတ်လိုက်သည့် အဆိုပါဒုံးကျည်အမြင့် မိုင် ၃၀ ထိတက်ရောက်၍ အကွာအဝေးမိုင် ၆၀၀ထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားနှင့်ဂျပန်စစ်ဘက်တို့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဒုံးကျည်သည် ဂျပန်နိုင်ငံ၏ အထူးစီးပွားရေး ရေပြင်ပြင်ပသို့ ကျရောက်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် မြောက်ကိုရီးယား၏ ယနေ့ဒုံးကျည်ပစ်လွှတ်မှုသည်ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို ချိုးဖောက်လိုက်သည့် လုပ်ရပ်ဖြစ်သည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ဝေဖန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံက ပထမဆုံးသူလျှိုဂြိုဟ်တုကို လွှတ်တင်ခဲ့ပြီးနောက် ကိုရီးယားကျွန်းဆွယ်၌ အခြေအနေများ တင်းမာနေစဉ် တာလတ်ပစ် ဒုံးကျည်တစ်စင်းကို မြောက်ကိုရီးယားစစ်ဘက်ကထပ်မံပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကလည်း မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ နောက်ဆုံးထွက်တိုက်ချင်းပစ်ဒုံးကျည်သစ်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ဂါဇာစစ်ပွဲ ရက် ၁၀၀ ပြည့်အဖြစ် အိမ်ဖြူတော်ပြင်ပ၌ ဆန္ဒပြပွဲများဖြစ်ပွား

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

ဂါဇာစစ်ပွဲ ရက် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ အိမ်ဖြူတော်ပြင်ပ၌ ဇန်နဝါရီ ၁၃ ရက်က အစ္စရေးဆန့်ကျင်ရေးဆန္ဒပြသမားများစုရုံး၍ ဂါဇာစစ်ပွဲချက်ချင်းရပ်ရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆန္ဒပြပွဲများအတွင်း အစ္စရေးဆန့်ကျင်ရေးဆန္ဒပြသမားအချို့က အိမ်ဖြူတော်အရံအတားစည်းရိုးများကိုဖျက်ဆီးခဲ့ရာ သမ္မတလုံခြုံရေး အထူးအဖွဲ့ဝင်များကလည်း အိမ်ဖြူတော်ဝန်ထမ်းများကို ဘေးလွတ်ရာပို့ဆောင်၍ ကြိုတင်ကာကွယ်မှုယူခဲ့ကြသည်။

ဆန္ဒပြသမားများကြောင့် အိမ်ဖြူတော်ပြင်ပစည်းရိုးများ ပျက်စီးခဲ့ရကြောင်း သမ္မတလုံခြုံရေးအထူးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၁၃ ရက် ဆန္ဒပြပွဲများ၌ အမေရိကန်တာဝန်ရှိသူများက မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးခြင်းမရှိခဲ့သော်လည်း ဆန္ဒပြသမားများ၏ဖျက်လိုဖျက်ဆီးလုပ်ရပ်များကို ဝေဖန်ခဲ့သည်။

အိမ်ဖြူတော်ပြင်ပ၌ အစ္စရေးဆန့်ကျင်ရေးသမားများ ဆန္ဒပြနေစဉ် သမ္မတ ဂျိုးဘိုင်ဒင်မှာ အိမ်ဖြူတော်တွင်ရှိမနေဘဲ ကမ်ဒေးဗစ်သမ္မတအပန်းဖြေစခန်းသို့ရောက်ရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သည့် ဂါဇာစစ်ပွဲအတွင်း အစ္စရေး၏စစ်ဆင်ရေးများကြောင့် ပါလက်စတိုင်းလူမျိုး ၂၃၀၀၀ ကျော်သေဆုံးခဲ့ရကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။

ဂါဇာစစ်ပွဲရက် ၁၀၀ ပြည့်နေ့တွင် အခြားအနောက်အုပ်စုနိုင်ငံများတွင်လည်း ဂါဇာစစ်ပွဲပြီးဆုံးရေးတောင်းဆိုဆန္ဒပြပွဲများပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တရုတ်(တိုင်ပေ)လွတ်လပ်ရေးကိုထောက်ခံထားခြင်းမရှိကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ပြောကြား





**ဝါရှင်တန် ဇန်နဝါရီ ၁၄**

တရုတ်(တိုင်ပေ)လွတ်လပ်ရေးကို အမေရိကန်နိုင်ငံအနေဖြင့် ထောက်ခံထားခြင်းမရှိကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပခဲ့သော တရုတ်(တိုင်ပေ)သမ္မတရွေးကောက်ပွဲတွင်လက်ရှိအာဏာရဒီမိုကရက်တစ်တိုးတက်ရေးပါတီ (ဒီပီပီ)သမ္မတလောင်း လိုင်ချင်တီ အနိုင်ရခဲ့ပြီးနောက် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲအနိုင်ရ တရုတ်(တိုင်ပေ)သမ္မတလောင်းလိုင်ချင်တီကို တရုတ်အစိုးရက အန္တရာယ်များသည့်ခွဲထွက်ရေးဝါဒီတစ်ဦးအဖြစ် ဝေဖန်ထားသည်။

တရုတ်ပြည်တွင်းစစ် ပြီးဆုံးခဲ့သည့် ၁၉၄၉ ခုနှစ်မှစ၍ နိုင်ငံရေးအရသီးခြားရပ်တည်ခဲ့သည့် တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် တရုတ်အစိုးရကသတ်မှတ်ထားပြီး ပြည်မကြီးအချုပ်အခြာအောက် ပြန်ထည့်သွင်းရေးအတွက် လိုအပ်ပါက စစ်အင်အားသုံးမည်ဖြစ်ကြောင်း ပြောကြားထားသည်။

အမေရိကန်နိုင်ငံသည် ၁၉၇၉ ခုနှစ်တွင် တရုတ်တစ်ပြည်ထောင်မူဝါဒအရ တရုတ်နိုင်ငံကို သံတမန်ရေးအရ တရားဝင်အသိအမှတ်ပြုခဲ့သည်။

သို့သော် အမေရိကန်နိုင်ငံသည် တရုတ်(တိုင်ပေ)နှင့် တရားမဝင်သံတမန်ဆက်ဆံရေး ဆက်လက်ထားရှိဆဲဖြစ်သလို တရုတ်(တိုင်ပေ)၏ အဓိကနိုင်ငံတကာမိတ်ဖက်နှင့် လက်နက်ဖြည့်ဆည်းပေးသူအဖြစ် ရပ်တည်နေဆဲ ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ငလျင်ဒဏ်သင့်ဒေသများသို့ ဂျပန်ဝန်ကြီးချုပ်ဖူမီယိုကီရှီဒါ သွားရောက်

**တိုကျို ဇန်နဝါရီ ၁၄**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ယနေ့တွင် မြေငလျင်ဒဏ်နှင့်ရင်ဆိုင်ခဲ့ရသော နိုတိုဒေသသို့ ပထမဆုံးအကြိမ်အဖြစ်သွားရောက်ခဲ့ကြောင်း သိရသည်။

ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှေးကွေးနေမှု၊ ရောဂါဘယများကူးစက်နေမှုတို့အတွက်ပြည်သူများကြားပေါ် ထွက်နေသည့် စိုးရိမ်ပူပန်စိတ်များကို လျှော့ချနိုင်ရန် ငလျင်ဒဏ်သင့်ဒေသသို့ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၁ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၆ အဆင့်ရှိ မြေငလျင်ကြောင့် နိုတိုဒေသ၌လူပေါင်း ၂၂၀ သေဆုံးခဲ့ရပြီး ၂၆ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။

သို့သော် ငလျင်ဒဏ်ကြောင့် လမ်းများပျက်စီးခဲ့ရာ ဝေးလံခေါင်းပါးသည့်နေရာများမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဂျပန်အစိုးရအနေဖြင့်အကူအညီအနည်းငယ်မျှသာ ပေးနိုင်သေးကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ယနေ့တွင် ငလျင်ဒဏ်သင့်မြို့တစ်မြို့ဖြစ်သော ဝါဂျီးမားမြို့သို့ ရောက်ရှိခဲ့သည်ဟု ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ငလျင်ဒဏ်သင့် ဒုက္ခသည်များအနေဖြင့် အနာဂတ်အတွက် မျှော်လင့်ချက်ထားနိုင်ရန် မိမိတို့အနေဖြင့်လုပ်ပေးနိုင်သမျှ အရာရာအားလုံးလုပ်ပေးမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ဝါဂျီးမား ခရီးစဉ်အတွင်း ပြောကြားခဲ့သည်။

**Ref : RT**
**Trs : KKO**



# အိန္ဒိယနိုင်ငံ၏ အတိုက်အခံကွန်ဂရက်ပါတီထောက်ခံသူများ နှစ်လကြာ နိုင်ငံဖြတ်ခရီးရှည်ချီတက်ပွဲ စတင်

**ဒေလီ ဇန်နဝါရီ ၁၄**

အိန္ဒိယနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သော ကွန်ဂရက်ပါတီမှ ပါတီဝင်များနှင့် ထောက်ခံသူရာပေါင်းများစွာတို့သည်ယနေ့တွင် နှစ်လကြာ နိုင်ငံဖြတ်ချီတက်ပွဲကို စတင်လိုက်ပြီဖြစ်သည်။

ယခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ လူထုထောက်ခံမှုပိုမိုရယူနိုင်ရေးအတွက် ကွန်ဂရက်ပါတီက နိုင်ငံဖြတ်ချီတက်ပွဲ စတင်ခဲ့ခြင်းဖြစ်သည်။

ကွန်ဂရက်ပါတီ၏ နိုင်ငံဖြတ်ချီတက်ပွဲသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်၌ စတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါချီတက်ပွဲအတွင်းကွန်ဂရက်ပါတီခေါင်းဆောင် ရာဟူးလ်ဂန္ဒီ၊ ပါတီဝင်များနှင့် ပါတီထောက်ခံသူများသည် ၄၁၇၁ မိုင် ရှည်လျားသည့်ခရီးစဉ်ကို ၆၇ ရက်ကြာအချိန်ယူဖြတ်သန်းမည်ဖြစ်သည်။

ကွန်ဂရက်ပါတီ၏ ရွေးကောက်ပွဲအကြို နိုင်ငံဖြတ်ချီတက်ပွဲစစ်ကြောင်းသည် လမ်းခရီးတစ်လျှောက်တွင် ပြည်နယ်ပေါင်း ၁၅ ပြည်နယ်မှ ခရိုင်ပေါင်း ၁၁၀ ကို ဖြတ်သန်းရမည်ဖြစ်သည်။

ယနေ့ နိုင်ငံဖြတ်ချီတက်ပွဲသည် ရွေးကောက်ပွဲအတွက် ပြည်သူထောက်ခံမှုရယူရန် နှစ်နှစ်တာကာလအတွင်း ဒုတိယအကြိမ်ပြုလုပ်ခဲ့သည့် နိုင်ငံဖြတ်ချီတက်ပွဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Ax-3 အာကာသခရီးသွားမစ်ရှင်အတွက် အသုံးပြုမည့် Crew Dragon အာကာသလူသယ်ယာဉ် ကနေဒီအာကာသစခန်းသို့ ရောက်ရှိ



**ဝါရှင်တန် ဇန်နဝါရီ ၁၄**

Ax-3 အမည်ရှိ အာကာသခရီးသွားမစ်ရှင်အတွက် အသုံးပြုမည့် Crew Dragon အာကာသလူသယ်ယာဉ် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်း ပစ်စင်အမှတ်-၃၉ အေ သို့ရောက်ရှိနေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက် သတင်းများအရ သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် Ax-3 မစ်ရှင်ကို ဇန်နဝါရီ ၁၇ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Ax-3 မစ်ရှင်အရ အာကာသခရီးသွားလေးဦးသည် Crew Dragon အာကာသလူသယ်ယာဉ်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ် ခရီးစဉ်အတွင်း Crew Dragon အာကာသလူသယ်ယာဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အာကာသယာဉ်မှူးဟောင်း မိုက်ကယ်လိုပက်စ်အယ်လီဂရီယာက ကွပ်ကဲမည်ဖြစ်သည်။

Ax-3 မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ၁၂ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်းသို့ ယာဉ်မှူးများ ပို့ဆောင်မှုမစ်ရှင်ဖြစ်သည်။

အဆိုပါ မစ်ရှင် ၁၂ ခုအနက် ရှစ်ခုမှာ နာဆာအဖွဲ့နှင့်ရယူထားသည့် သဘောတူညီချက်အရ လွှတ်တင်ခဲ့သော မစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အက်စထရိုဘော့တစ်ကုမ္ပဏီ၏ Peregrine လဆင်းယာဉ် ကမ္ဘာမြေဆီသို့ ပြန်လှည့်လာပြီး လေထုလွှာအတွင်းပြန်လည်ဝင်ရောက်နိုင်


**ဝါရှင်တန် ဇန်နဝါရီ ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် အက်စထရိုဘော့တစ် ကုမ္ပဏီ၏ Peregrine လဆင်းယာဉ်သည် လက်ရှိအချိန်တွင် ကမ္ဘာမြေဆီသို့ ပြန်လှည့်လာပြီဖြစ်ပြီး လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်း ဇန်နဝါရီ ၁၃ ရက်သတင်းများအရ သိရသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် အဆိုပါ လဆင်းယာဉ်ကို ဇန်နဝါရီ ၈ ရက်က ULA ကုမ္ပဏီ၏ ဗော်လ်ကန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လွှတ်တင်ပြီးနောက် Peregrine လဆင်းယာဉ်မှာ လောင်စာရည်ယိုစိမ့်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး လမျက်နှာပြင်ပေါ် ဆင်းသက်ရေးအစီအစဉ် ပျက်ပြားခဲ့ရသည်။

မိမိတို့၏ အကဲဖြတ်ချက်များအရ လက်ရှိအချိန်တွင် Peregrine လဆင်းယာဉ်သည် ကမ္ဘာမြေဘက်သို့ ဦးတည်နေသည့်လမ်းကြောင်းပေါ်တွင်ရှိနေပြီး ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်ဝင်နိုင်ကြောင်း အက်စထရိုဘော့တစ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။




Peregrine လဆင်းယာဉ်နှင့် ကမ္ဘာတို့ကြား လက်ရှိအကွာအဝေးမှာ မိုင်ပေါင်း ၂၄၂၀၀၀ ထိရှိကြောင်း အက်စထရိုဘော့တစ်ကုမ္ပဏီ၏အဆိုအရ သိရသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်သည့် ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကကုမ္ပဏီအဖြစ် ရပ်တည်နိုင်ရေးအတွက် Peregrine လဆင်းယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နာဆာ၏ တက်စ်ဂြိုဟ်တုက ထူးဆန်းသည့်နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်တုသည် ထူးဆန်းသည့်နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၃ ရက် သတင်းများအရ သိရသည်။

HD63433d ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်လောက်သာရှိသော်လည်း ဂြိုဟ်၏ သက်တမ်းမှာမူ ကမ္ဘာဂြိုဟ်သက်တမ်း၏ ၁၀ ပုံ တစ်ပုံခန့်သာရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါဂြိုဟ်၏ မျက်နှာပြင်ထက်ဝက်မျှကိုလည်း ပူပြင်းသည့်ချော်ရည်များ ဖုံးလွှမ်းထားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

HD63433d ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၇၃ နှစ်အကွာတွင် တည်ရှိသော HD63433 အမည်ရှိကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်လျက်ရှိသည်။

သို့ရာတွင် မိခင်ကြယ်နှင့် နီးလွန်းမှုကြောင့် HD63433d ဂြိုဟ်၏ မျက်နှာပြင်တစ်ခြမ်းမှာ အမြဲတမ်းနေ့ကာလ ဖြစ်နေတတ်ပြီး ကျန်တစ်ခြမ်းမှာ အမြဲတမ်းညကာလ ဖြစ်နေတတ်သည်။

HD63433d ဂြိုဟ်သည် မိခင်ကြယ်ကို တစ်ပတ်ပတ်မိရန် ကမ္ဘာမြေရက်အားဖြင့် ၄ ဒသမ ၂ ရက်သာ ကြာမြင့်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ပဲပိစပ်တွင်ပါဝင်သော အာဟာရဓာတ်များက ရင်သားကင်ဆာပြန်ပေါ်နိုင်ခြေကို တားဆီးနိုင်

**နယူးယောက် ဇန်နဝါရီ ၁၄**

ပဲပိစပ်တွင်ပါဝင်သော အာဟာရဓာတ်များသည် ရင်သားကင်ဆာရောဂါ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို တားဆီးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၁၃ ရက် သတင်းများအရ သိရသည်။

အထူးသဖြင့် ပဲပိစပ်တွင်တွေ့ရသော Isoflavones အမည်ရှိ ဓာတုဒြပ်ပေါင်းသည် ရင်သားကင်ဆာရောဂါ တစ်ကျော့ပြန်ပေါ်နိုင်ခြေ ကျဆင်းမှုနှင့်ဆက်စပ်နေကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ရင်သားကင်ဆာရောဂါ တစ်ကျော့ပြန်ပေါ်လာနိုင်မှုကို တားဆီးရေးအတွက် ရယူရန်လိုအပ်မည့် Isoflavones သို့မဟုတ် အခြားအာဟာရဓာတ်များ၏ပမာဏကို သုတေသနပညာရှင်များအနေဖြင့် သတ်မှတ်နိုင်မှုမရှိသေးပေ။

သို့ဖြစ်ရာ သုတေသနပညာရှင်များအနေဖြင့် Isoflavones ဓာတုဒြပ်ပေါင်း၏ ရင်သားကင်ဆာ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေအပေါ် အကျိုးသက်ရောက်မှုကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလုပ်ရန်လိုအပ်ဆဲဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ ပဲပိစပ်၏ Isoflavones ဓာတုဒြပ်ပေါင်း စားသုံးမှုမြင့်မားခြင်းသည် ရင်သားကင်ဆာ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေ ၂၆ ရာခိုင်နှုန်း ကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အာဟာရဓာတ်လေ့လာမှုပေါင်း ၂၂ ခုကိုဆန်းစစ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အမျိုးသမီးများ၏ ပါးရေနားရေတွန့်မှုက အရေပြားပက်တီးရီးယားများကြောင့် ပိုဆိုးလာနိုင်

**နယူးယောက် ဇန်နဝါရီ ၁၄**

အမျိုးသမီးများ၏ ပါးရေနားရေ တွန့်မှုပြဿနာသည် အရေပြားပေါ်ရှိ ဗက်တီးရီးယားများကြောင့် ပို၍ ဆိုးရွားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှု၊ အသက်အရွယ်ကြီးရင့်လာမှုတို့သည် အရေပြားများ၏ တင်းအားပျောက်ကွယ်လာမှု၏ အဓိကအကြောင်းတရားများ ဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ အမျိုးသမီးများ ပါးရေနားရေတွန့်မှုပြဿနာတွင် အရေပြားပေါ်ရှိ ဗက်တီးရီးယားများလည်း အဓိကနေရာမှ ပါဝင်နေနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၇၀ ကြား အမျိုးသမီးဦးရေ ၆၅၀ တို့ပါဝင်သည့် အရေပြားကျန်းမာရေးလေ့လာချက် ၁၃ ခုကို ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မျက်နှာအရေပြားပေါ်၌ ဗက်တီးရီးယားအမျိုးအစားပိုများသူများတွင် ပါးရေနားရေတွန့်မှုပြဿနာ ပိုဆိုးနေတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် မျက်နှာအရေပြား၌ ဗက်တီးရီးယားအမျိုးအစား ပိုများသူ အမျိုးသမီးများ၌ အရေပြားအောက်မှ ရေဓာတ်ဆုံးရှုံးနိုင်ခြေ ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# စပါးအသင်းခံစစ်ကစားသမား ရီဂီလွန် ဘရန့်ဖို့ဒ်အသင်းသို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့

**လန်ဒန် ဇန်နဝါရီ ၁၄**

စပါးအသင်းခံစစ်ကစားသမား ရီဂီလွန်သည် ပရီးမီးယားလိဂ်ပြိုင်ဘက် ဘရန့်ဖို့ဒ်အသင်းသို့ ခြောက်လအငှားစာချုပ်ဖြင့် ထပ်မံပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ရီဂီလွန်သည် ယခုနှစ်ဘောလုံးရာသီ နည်းပြပိုစတီကိုဂလူ၏ စီမံကိန်းတွင် ပါဝင်ခြင်းမရှိသောကြောင့် ရာသီအစတွင် မန်ယူအသင်းသို့တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း မန်ယူအသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင် စာချုပ်ဖျက်သိမ်းခဲ့ခြင်းကြောင့် စပါးအသင်းသို့ ပြန်လည်ရောက်ရှိခဲ့ရာ အသင်းတာဝန်ရှိသူများက ဘရန့်ဖို့ဒ်အသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြန်လည်စေလွှတ်ခဲ့သည်။

လက်ရှိတွင် ဘရန့်ဖို့ဒ်အသင်းနည်းပြသောမတ်ဖရန့်က အသင်းမှ အဓိက ခံစစ်ကစားသမားများဖြစ်သည့် ဟစ်စကီးနှင့်ဟင်နရီတို့ ဒဏ်ရာရရှိနေသဖြင့် အသင်းခံစစ်ပိုင်းကို ထပ်မံဖြည့်တင်းရန်လိုအပ်နေသောကြောင့် ရီဂီလွန်ကိုယခုနှစ်ဘောလုံးရာသီကုန်ထိအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဘရန့်ဖို့ဒ်အသင်းသည် ပရီးမီးယားလိဂ် ၁၉ ပွဲကစားအပြီးတွင် ငါးပွဲနိုင်၊ လေးပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၉ မှတ်ဖြင့် အဆင့်(၁၆)တွင်ရောက်ရှိနေသဖြင့် တန်းဆင်းဇုန်မှ အသင်းများနှင့် ရမှတ် သုံးမှတ်သာ ကွာဟလျက်ရှိပြီး လာမည့်ပွဲစဉ်များတွင် ရလဒ်ကောင်းရရှိမှသာ ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားခွင့်ရမည်ဖြစ်သောကြောင့် ကစားသမားဖြည့်တင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းအနေဖြင့် တိုက်စစ်မှူးအန်ကူကူနှင့် ဂျက်ဆန်တို့ကိုလက်လွှတ်ထားရသော်လည်း လက်ရှိအပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူးခေါ်ယူရန် မလိုအပ်တော့ကြောင်း ဖူလ်ဟမ်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြပိုချက်တီနိုက ပြောကြားခဲ့သည်။
- တိုက်စစ်မှူးဘင်ဇီမားအနေဖြင့် အားလပ်ရက်ကာလအပြီးတွင် အသင်း၏လေ့ကျင့်ရေးအစီအစဉ်တွင် လာရောက်ပူးပေါင်းခြင်းမရှိခဲ့သောကြောင့် နည်းပြဂယ်လာဒိုက ဒူဘိုင်းတွင် သွားရောက်ကစားရမည့် အယ်ဖိုင်ဆာလီအသင်းနှင့်ဖလားပြိုင်ပွဲတွင် အသင်းလူစာရင်းမှချန်လှပ်ခဲ့ကြောင်း သိရသည်။
- ၂၀၂၄ အာဖရိကဖလားအဖွင့်ပွဲစဉ်တွင် အိမ်ရှင်အိုင်ဗရီကို့စ်အသင်းက ဂီနီယာဘစ်ဆောအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

**ML**

### စပိန်လာလီဂါ ပွဲစဉ် (၂၀) ရလဒ်

| | | | |
|---|---|---|---|
| အယ်မာရီယာ | ၀ - ၀ | ဂျီရိုနာ | |
| ကာဒီဇက် | ၁ - ၄ | ဗလင်စီယာ | |

### အီတလီစီးရီးအေ ပွဲစဉ် (၂၀) ရလဒ်

| | | | |
|---|---|---|---|
| လာဇီယို | ၁ - ၀ | လက်ချီ | |
| ကက်ဂလီယာရီ | ၂ - ၁ | ဘိုလော့ဂ်နာ | (ဇင်) |

# မြန်မာဘော်လီဘောလူမှုရေးအသင်းအမှုဆောင်ဖလား U-18 နှင့် U-25 အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၄**

မြန်မာ့ဘော်လီဘောအားကစားနည်းအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ လူငယ်များစိတ်ဓာတ် ကြံ့ခိုင်လာစေရန်နှင့် မျိုးဆက်သစ် ဘော်လီဘောအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး မြန်မာဘော်လီဘောလူမှုရေးအသင်းအမှုဆောင်ဥက္ကဋ္ဌမှ ကြီးမှူးကျင်းပသည့် မြန်မာဘော်လီဘော လူမှုရေးအသင်း အမှုဆောင်ဖလား U-18 နှင့် U-25 အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ နေပြည်တော်အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်အားကစားနှင့်ကာယပညာကော်မတီနာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မြန်မာဘော်လီဘောလူမှုရေးအသင်းအမှုဆောင်ဖလား U-18 နှင့် U-25 အမျိုးသားဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီးနောက် နေပြည်တော်အားကစားနှင့်ကာယပညာ ကော်မတီနာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အုပ်စုပွဲစဉ်အဖြစ် ဂုဏ်မင်းအင်းအသင်းနှင့် ပျဉ်းမနားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါပြိုင်ပွဲကို ယနေ့မှစတင်ပြီး ဇန်နဝါရီ ၂၀ ရက်ထိ နေပြည်တော်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး အသက်(၁၈)နှစ်အောက်ပြိုင်ပွဲဝင် ခုနစ်သင်းနှင့် အသက်(၂၅)နှစ်အောက် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ကလပ်အသင်းလက်မဲ့ကာလကြာရှည်နေမှုကြောင့် အေးဂျင့်ဖြစ်သူ လူအီနှင့်လင်းဂတ်လမ်းခွဲ

**လန်ဒန် ဇန်နဝါရီ ၁၄**

တောင်ပံကစားသမားလင်းဂတ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက နော်တင်ဟမ်အသင်းမှထွက်ခွာခဲ့ပြီးကတည်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့်အတွက် အေးဂျင့်ဖြစ်သူ လူအီနှင့် လမ်းခွဲခဲ့ကြောင်း သိရသည်။

လင်းဂတ်သည် ခြောက်လတာကာလအတွင်း ကလပ်အသင်းသစ်ရှာဖွေရာတွင် အေးဂျင့်ဖြစ်သူအနေဖြင့် တိုးတက်မှုရရှိအောင် စွမ်းဆောင်နိုင်ခြင်း မရှိသောကြောင့် လမ်းခွဲခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ရာသီအစက ဝက်စ်ဟမ်းအသင်းတွင် သွားရောက်လေ့ကျင့်ခဲ့ကာပြောင်းရွှေ့ရန် နီးစပ်ခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိသောကြောင့် နည်းပြဂျာရတ်ကိုင်တွယ်နေသည့် ဆော်ဒီကလပ် အယ်အီတီဖတ်အသင်းသို့ သွားရောက်လေ့ကျင့်မှုများ ထပ်မံပြုလုပ်ခဲ့ရာ အေးဂျင့်ဖြစ်သူ၏ စွမ်းဆောင်ရည်အားနည်းချက်ကြောင့် လူအီကို အေးဂျင့်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

အသက် ၃၁ နှစ်ရှိ တောင်ပံကစားသမားကို ကမ်းလှမ်းလာသည့် မည်သည့်အသင်းနှင့်မဆို ပူးပေါင်း၍ ဘောလုံးပြန်ကစားခွင့်ရရှိရန် ကြိုးပမ်းနေသော်လည်း အေးဂျင့်ဖြစ်သူက ညှိနှိုင်းမှုပြုလုပ်ရာတွင် အောင်မြင်အောင်ကြိုးပမ်းနိုင်မှုမရှိခြင်းကြောင့် ကလပ်အသင်းလက်မဲ့ကြာရှည်ခဲ့သည်။

လင်းဂတ်သည် ၂၀၁၁ ခုနှစ်က မန်ယူအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် လက်စတာအသင်း၊ ဘာမင်ဂမ်အသင်း၊ ဘရိုက်တန်အသင်းတို့တွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး အသင်းနှင့်ပြန်လည်ပူးပေါင်းချိန် ၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ပြိုင်ပွဲစုံ ၂၀၉ ပွဲတွင် သွင်းဂိုး ၃၃ ဂိုးထိသွင်းယူနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ပုံမှန်ပွဲကစားခွင့်မပေးနိုင်သဖြင့် ဝက်စ်ဟမ်းအသင်းသို့ အငှားစေလွှတ်ခဲ့ရာ ပြိုင်ပွဲစုံ ၁၆ ပွဲတွင် သွင်းဂိုး ကိုးဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သဖြင့် မန်ယူအသင်းပြန်လည်ခေါ်ယူခဲ့ရာ ပုံမှန်ခြေစွမ်း မရခဲ့သောကြောင့် ၂၀၂၂ ခုနှစ်တွင် နော်တင်ဟမ်အသင်းသို့ အလွတ်ပြောင်းရွှေ့ခွင့်ပြုခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# နယူးကာဆယ်နှင့်ပွဲစဉ်တွင် ဂိုးသမားအီဒါဆန် ဒဏ်ရာပြင်းထန်စွာရရှိ

**မန်ချက်စတာ ဇန်နဝါရီ ၁၄**

နယူးကာဆယ် အသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ဂိုးသမားအီဒါဆန်အနေဖြင့် ဒူးဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

အီဒါဆန်သည် ပွဲအစ သုံးမိနစ်အရောက်တွင် နယူးကာဆယ်ကွင်းလယ်ကစားသမား လောင်းစတက်၏ဂိုးသွင်းယူမှုကို ကာကွယ်ခဲ့ရာတွင် လောင်းစတက်နှင့်အသင်းဖော်ကစားသမား ဝေါ်လ်ကာတို့နှင့် ထိခိုက်မိခဲ့ရာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သဖြင့် အချိန်အနည်းငယ်ခန့် ဆေးကုသမှုခံယူခဲ့ရပြီး ပြိုင်ပွဲကို ဆက်လက် ကစားခဲ့သော်လည်း ပွဲချိန် ရှစ်မိနစ် အရောက်တွင် ဒဏ်ရာနာကျင်မှုကြောင့် အသင်းဖော်ဂိုးသမား အိုတီဂါနှင့်လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် အီဒါဆန်၏ဒဏ်ရာကို လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်နေသော်လည်း နည်းပြဂွါဒီယိုလာက ၎င်းအနေဖြင့်ဒူးဒဏ်ရာ ရရှိခဲ့ခြင်းသာဖြစ်ပြီး ရက်အနည်းငယ်အနားယူပါက ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကာ မိမိတို့အသင်းအနေဖြင့်လည်း အားလပ်ရက် ၁၀ ရက်ခန့် ရရှိထားသောကြောင့် အားလပ်ရက်ကာလပြီးပါက အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းပြောကြားခဲ့သည်။



မန်စီးတီးအသင်းသည် ခံစစ်ကစားသမား ဂွန်စတုန်း၊တိုက်စစ်မှူး ဟာလန်းတို့ကို ဒဏ်ရာကြောင့် လက်လွှတ်ထားရပြီး ယခုအခါ အီဒါဆန်အနေဖြင့် ဒဏ်ရာထပ်မံရရှိခဲ့သောကြောင့် ဒဏ်ရာရကစားသမား သုံးဦးထိရှိလာခဲ့သည်။

အီဒါဆန်ထွက်ခွာသွားပြီးနောက် မန်စီးတီးအသင်း ကစားပုံကျဆင်းသွားသော်လည်း ပွဲချိန် ၂၆ မိနစ်တွင် ဘာနာဒိုဆေးဗားက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ်ကစားရန် ကြိုးပမ်းခဲ့ရာ နယူးကာဆယ်အသင်း၏ တန်ပြန်တိုက်စစ်ကောင်းမှုကြောင့် ပွဲချိန် ၃၅ မိနစ်နှင့် ၃၇ မိနစ်တွင် နှစ်ဂိုးဆက်တိုက် ခွင့်ပြုခဲ့ရသော်လည်း ပွဲချိန် ၇၄ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ချေပဂိုးနှင့်ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# ရုရှားပိုင်ကန်ဒေါ်လာ ဘီလီယံ ၃၀၀ ကို G7 နိုင်ငံများက ထိန်းချုပ်ထားမှု

ယူကရိန်းနိုင်ငံအတွင်း ရုရှား၏အထူးစစ်ဆင်ရေး ဆောင်ရွက်မှုနှစ်ပတ်လည် အကြိုနေ့ကတည်းက ရုရှားဗဟိုဘဏ်၏ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ နှင့် စီးပွားရေးသမားများ၊ ရုရှားခေါင်းဆောင်ပိုင်းနှင့်နီးစပ်သည့်အရာရှိများ၏ ယာယီပိတ်ထားသည့် သို့မဟုတ် အနောက်နိုင်ငံများတွင် ထိန်းချုပ်ထားသော ပိုင်ဆိုင်မှုခန့်မှန်း အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ အတွက် G7 နိုင်ငံများက မည်သို့ ဆက်လက်လုပ်ဆောင်မည်ကို ထည့်သွင်းစဉ်းစားလျက်ရှိသည်။ အဓိကအားဖြင့် ယူကရိန်းကို ကာကွယ်ရေးတွင် အကူအညီဖြစ်စေရန်နှင့်အနာဂတ် ပြန်လည်ထူထောင်ရေးများတွင် ဤပိုင်ဆိုင်မှုများက ယူကရိန်းနိုင်ငံကို အထောက်အကူပေးရန် စဉ်းစားနေခြင်းဖြစ်သည်။

**ပိတ်ဆို့အရေးယူမှုနှင့် ပိုင်ဆိုင်မှုများထိန်းချုပ်မှု**

ကမ္ဘာ့ပထဝီနိုင်ငံရေးဖြစ်စဉ်တွင် အနောက်အုပ်စုနိုင်ငံများသည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပစ်မှတ်နိုင်ငံဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ သက်ဆိုင်သည့် အစိုးရအရာရှိကြီးများဖြစ်စေ၊ ပတ်သက်ဆက်နွယ်သည့် ကုမ္ပဏီ၊ လူပုဂ္ဂိုလ်ကိုဖြစ်စေ နိုင်ငံရေးနှင့်စီးပွားရေးအရ ထိုးနှက်မှုနှင့် ပိတ်ဆို့အရေးယူမှုကို ၎င်းတို့၏ ထိန်းချုပ်ရေးလက်သုံးကိရိယာတစ်ခုကဲ့သို့ လုပ်ဆောင်လာခဲ့သည်။ ထိုသို့ ပိတ်ဆို့အရေးယူမှုတွင် နိုင်ငံငယ်များသာမကအင်အားကြီးနိုင်ငံများထိ ပါဝင်လာခဲ့သည်။ ရုရှားနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ကရိုင်းမီးယားဖြစ်စဉ်ကြောင့် အနောက်အုပ်စုနိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုတချို့ကို ရင်ဆိုင်ခဲ့ရသည်။ ယခုအခါ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းကို တိုက်ခိုက်မှုကြောင့် အနောက်အုပ်စုနှင့် ကမ္ဘာ့နိုင်ငံတချို့က ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုနှင့်ပိုင်ဆိုင်မှုများကို ထိန်းချုပ်မှု လုပ်ဆောင်ထားသည်။

ထိုသို့ ပိတ်ဆို့အရေးယူရာတွင် ဥရောပသမဂ္ဂသည် အုပ်စုလိုက်ပိတ်ဆို့အရေးယူခဲ့ပြီး ကျန်အနောက်အုပ်စုနိုင်ငံတချို့သည် တစ်နိုင်ငံချင်းလိုက် အရေးယူဆောင်ရွက်ခဲ့ကြသည်။ အဓိကအားဖြင့် ကုန်သွယ်ရေး၊ ငွေကြေးလွှဲပြောင်းမှု၊ ဘဏ်လုပ်ငန်း၊ ရုရှား၏ အဓိကပို့ကုန်ပစ္စည်းများ၊ ကုန်သွယ်ခွန်တိုးမြှင့်ခြင်း၊ လေကြောင်းဖြတ်ကျော်ပျံသန်းခွင့်ပိတ်ပင်ခြင်း၊ ၎င်းတို့နိုင်ငံများရှိ ဘဏ်များတွင်ထားရှိသည့် ရုရှားအစိုးရနှင့်ရုရှားနိုင်ငံသားပိုင်ငွေကြေးများကို ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရုရှားစီးပွားရေးလုပ်ငန်းရှင်တချို့နှင့် စစ်ဘက်အရာရှိကြီးတချို့ကို ၎င်းတို့နိုင်ငံများသို့ ခရီးသွားလာမှုပိတ်ပင်ခြင်းများ ပြုလုပ်ခဲ့သည်။ အာရှဒေသမှ ဂျပန်၊ တောင်ကိုရီးယားနှင့်စင်ကာပူတို့ကလည်း ပိတ်ဆို့အရေးယူမှုတချို့ ပြုလုပ်ခဲ့သည်။

**ရုရှားအစိုးရနှင့်ပုဂ္ဂလိကပိုင်ဆိုင်မှုများကို G7နိုင်ငံများက ထိန်းချုပ်ထားမှု**

၂၀၂၂ ခုနှစ် ဧပြီ ၂၉ ရက်တွင် ရုရှား၏ အထင်ကရပုဂ္ဂိုလ်များ၊ ကိုယ်စားဆောင်ရွက်သူများနှင့် စီးပွားရေးလုပ်ငန်းများတွင်ပါဝင်သည့် ရုရှားနိုင်ငံသားများ၏ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ တန်ဖိုးရှိ ရုရှားဗဟိုဘဏ်၏ပိုင်ဆိုင်မှုများကို ပိတ်ဆို့ခြင်း အစီရင်ခံခဲ့သည်။ ပိုင်ဆိုင်မှုများကိုထိန်းချုပ်ထားသည့်၎င်းအဖွဲ့ဝင်များတွင် အမေရိကန်၊ ဩစတြေးလျ၊ ပြင်သစ်၊ ကနေဒါ၊ ဂျာမနီ၊ ဂျပန်၊ အီတလီ၊ ဗြိတိန်နှင့် ဥရောပကော်မရှင်တို့ ပါဝင်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗန်ဒါလီယန်က ယူကရိန်းနိုင်ငံမှ ထိခိုက်ပျက်စီးမှုသည် ခန့်မှန်းခြေ ယူရိုဘီလီယံ ၆၀၀ ဖြစ်သည်ဟုဆိုသည်။ ရုရှားနှင့်၎င်း၏ အကြီးအကဲများသည် ပျက်စီးဆုံးရှုံးမှုအတွက် ယူကရိန်းကိုလျော်ကြေးပေးပြီး နိုင်ငံပြန်လည်တည်ဆောက်ရန် ကုန်ကျစရိတ်များကို ကာမိရန်လိုအပ်ကာ ရုရှားအနေဖြင့် ပေးချေရမည့်နည်းလမ်းများရှိနေသည်ဟု ၎င်းက ဆိုခဲ့သည်။ ရုရှားဗဟိုဘဏ်၏ အရန်ငွေ ယူရိုဘီလီယံ ၃၀၀ ကို ပိတ်ဆို့ထားပြီး ရုရှားလုပ်ငန်းရှင်များ၏ပိုင်ဆိုင်မှု ယူရို ၁၉ ဘီလီယံကို ပိတ်ဆို့ထားသည်ဟု ဗန်ဒါလီယန်က ဆိုသည်။

၂၀၂၂ ခုနှစ် မတ်လမှစ၍ ရုရှားနိုင်ငံပိုင်နှင့် လူပုဂ္ဂိုလ်များ၏ ပိုင်ဆိုင်မှုများကို နိုင်ငံအလိုက် ထိန်းချုပ်ထားမှုများသည် ပြင်သစ်၌ အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံ၊ ဂျပန်၌ အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံ၊ ဂျာမနီ၌ အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံ၊ အမေရိကန်၌ အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံ၊ ဗြိတိန်၌ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံ၊ ဩစတြီးယား၌ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံနှင့် ကနေဒါ၌ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံဖြစ်သည်။

> ❖ ဥရောပသမဂ္ဂသည် အုပ်စုလိုက်ပိတ်ဆို့အရေးယူခဲ့ပြီး ကျန်အနောက်အုပ်စုနိုင်ငံတချို့သည် တစ်နိုင်ငံချင်းလိုက် အရေးယူဆောင်ရွက်ခဲ့ကြသည်။ အဓိကအားဖြင့် ကုန်သွယ်ရေး၊ ငွေကြေးလွှဲပြောင်းမှု၊ ဘဏ်လုပ်ငန်း၊ ရုရှား၏ အဓိကပို့ကုန်ပစ္စည်းများ၊ ကုန်သွယ်ခွန်တိုးမြှင့်ခြင်း၊ လေကြောင်းဖြတ်ကျော်ပျံသန်းခွင့်ပိတ်ပင်ခြင်း၊ ၎င်းတို့နိုင်ငံများရှိဘဏ်များတွင်ထားရှိသည့် ရုရှားအစိုးရနှင့် ရုရှားနိုင်ငံသားပိုင်ငွေကြေးများကို ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ❖

**သိမ်းယူရန် သို့မဟုတ် ယူကရိန်းသို့ ထောက်ပံ့ရန် ကြိုးပမ်းမှု**

G7 နိုင်ငံများသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ တန်ဖိုးရှိ ထိန်းချုပ်ထားသော ရုရှားပိုင်ဆိုင်မှုများကိုသိမ်းဆည်းခြင်း သို့မဟုတ် ယူကရိန်းသို့ အကူအညီအဖြစ် လွှဲပြောင်းခြင်းအတွက် ရွေးချယ်ရန်စဉ်းစားနေကြသော်လည်း ဆုံးဖြတ်ချက်ချမှတ်မှုပြုလုပ်ခြင်း မရှိသေးဟု အမေရိကန် ဘဏ္ဍာရေးဝန်ကြီး ဂျနက်ရဲလင်းက သတင်းထောက်များကို ပြောကြားခဲ့သည်။

ယူကရိန်းကိုကူညီရန် ရုရှား၏ပိုင်ဆိုင်မှုများကို သိမ်းဆည်းခြင်း၊ အသုံးပြုခြင်းနှင့်ပတ်သက်၍ဖြစ်နိုင်ခြေရှိသော ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမှတ်ရသေးကြောင်း ၎င်းက ဆိုသည်။ G7 နိုင်ငံများသည် အဆိုပါကိစ္စရပ်အပေါ် ရှေ့ဆက်လုပ်ဆောင်ရန် ဥပဒေအခြေခံအရ သဘောတူရမည်ဖြစ်ကြောင်း ဝန်ကြီးကရှင်းပြခဲ့ပြီး ဒေါ်လာဈေးအပေါ်သက်ရောက်မှုရှိနိုင်ခြေမှာ စိုးရိမ်စရာဖြစ်သည်ဟု၎င်းက ဆိုသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင်ပြုလုပ်မည့် အစည်းအဝေး၌ G7 ခေါင်းဆောင်များသည် ယာယီထိန်းချုပ်ထားသည့် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ တန်ဖိုးရှိ ရုရှားပိုင်ဆိုင်မှုကို သိမ်းယူခြင်းအတွက် ဖြစ်နိုင်ခြေရှိသောဥပဒေကြောင်းအရ မျှတမှုနှင့် ပတ်သက်၍ အမေရိကန်က ဖန်တီးထားသောသီအိုရီကို ဆွေးနွေးမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းက ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ သတင်းဌာန၏ဖော်ပြချက်အရ အမေရိကန်ကိုယ်စားလှယ်များသည် G7 အဖွဲ့၏ ဖေဖော်ဝါရီလ အစည်းအဝေးတွင် ရုရှား၏ပိုင်ဆိုင်မှုများကို သိမ်းယူမည့် ဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာရန် မျှော်လင့်မထားသော်လည်း G7 ခေါင်းဆောင်များသည်အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ပိုမိုခိုင်မာသောကြေညာချက်တစ်ရပ်ထုတ်ပြန်ရန် သဘောတူကြလိမ့်မည်ဟု မျှော်လင့်ကြသည်။ ထိုသို့ သိမ်းယူမှုသည် အမေရိကန်နှင့် ဗြိတိန်အပါအဝင် နိုင်ငံအများအပြား၏ ဥပဒေများကိုပြောင်းလဲရန် လိုအပ်မည်ဖြစ်သည်။

G7 နိုင်ငံများသည် ထိန်းချုပ်ထားသော ရုရှားပိုင်ဆိုင်မှုများကိုသိမ်းယူရန်အတွက် ဖြစ်နိုင်သည့်နည်းလမ်းများကိုရှာဖွေရန် အမေရိကန်က အကြံပြုထားသည်ဟု Financial Times သတင်းစာက အစောပိုင်းတွင် ဖော်ပြခဲ့သည်။

**ရုရှား၏ပထောမတုံ့ပြန်မှု**

ရုရှားနိုင်ငံသည် ကိုယ်ပိုင်အာကာသစခန်းတည်ဆောက်ရန်အတွက် ၂၀၂၄ ခုနှစ်အကုန်တွင် နိုင်ငံတကာ အာကာသစခန်း (ISS)မှနုတ်ထွက်မည်ဟု ရုရှားအာကာသအေဂျင်စီ(ROSCOSMOS) အကြီးအကဲ ယူရီဘောရစ်ဆော့ဗ်က ပြောကြားခဲ့သည်။ ရုရှားအာကာသအေဂျင်စီ (ROSCOSMOS) နှင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (NASA) တို့သည် ရုရှားအာကာသယာဉ် (Soyuz) ပေါ်မှ အာကာသယာဉ်မှူးများ ISS သို့ပျံသန်းရန်အတွက် သဘောတူထားသော်လည်း ယူကရိန်းပဋိပက္ခကြောင့် တင်းမာမှုများဖြစ်ပေါ်ပြီး နောက်ပိုင်းတွင် ရုရှားက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုများကိုတုံ့ပြန်သည့်အနေဖြင့် ယခင်ရုရှားအာကာသအေဂျင်စီ အကြီးအကဲဖြစ်သူ ဒီမစ်ထရီရိုကိုဇင်က ရုရှားသည် ISS တွင် ပူးပေါင်းဆောင်ရွက်ခြင်းမှ ရပ်ဆိုင်းသွားမည်ဟု ပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ အမေရိကန်၏ ပိတ်ဆို့အရေးယူမှုကို တန်ပြန်ရန်အတွက် ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ် မတ် ၃ ရက်တွင် အမေရိကန်အပေါ် ရော့ကက်အင်ဂျင်များရောင်းချမှုကိုရပ်တန့်ခဲ့သည်ဟု ရုရှားအာကာသအေဂျင်စီအကြီးအကဲ ဒီမစ်ထရီရိုကိုဇင်က ပြောကြားခဲ့သည်။ လက်ရှိအခြေအနေအရ အမေရိကန်သို့ ရုရှား၏အကောင်းဆုံးရော့ကက်အင်ဂျင်များ ထောက်ပံ့ရောင်းချမည်မဟုတ်သကဲ့သို့ အမေရိကန်သို့ရောင်းချပေးပြီးဖြစ်သည့် ရော့ကက်အင်ဂျင်များအတွက် ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုများကိုလည်း လုပ်ဆောင်ပေးမည်မဟုတ်ကြောင်း ရိုကိုဇင်က ဆိုခဲ့သည်။ ရုရှားက ထိုသို့ရပ်တန့်လျှင် အမေရိကန်က ဝယ်ယူထားပြီးဖြစ်သည့် ရော့ကက်အင်ဂျင် ၂၄ လုံးသည် ရုရှား၏ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုမရှိမှုကို ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့ပြင် ပိတ်ဆို့အရေးယူမှုကို တုံ့ပြန်သည့်အနေဖြင့် ပြင်သစ်နိုင်ငံ၏ Guiana အာကာသဆိပ်ကမ်းမှ ရော့ကက်များလွှတ်တင်မှုအတွက်လည်း ပြင်သစ်နှင့်ပူးပေါင်းဆောင်ရွက်မှုကို ရပ်တန့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ထို့ကြောင့် ရုရှားအနေဖြင့် ဥရောပသမဂ္ဂအပေါ် တန်ပြန်အစီအစဉ်များ လုပ်ဆောင်ခဲ့သည်။ ပထမအကြိမ်တွင် ရုရှားနိုင်ငံသည် ဥရောပရှိ Gazprom ကုမ္ပဏီခွဲအဟောင်းများအပါအဝင် စွမ်းအင်ကုမ္ပဏီ ၃၁ ခုကို တန်ပြန်ပိတ်ဆို့အရေးယူမှု ၂၀၂၂ ခုနှစ် မေ ၁၁ ရက်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါကုမ္ပဏီများတွင် ဂျာမနီ၊ ပြင်သစ်၊ ဥရောပနှင့်အမေရိကန်ရှိကုမ္ပဏီများ ပါဝင်ခဲ့သည်။ ထိုသို့ ပိတ်ဆို့အရေးယူမှုကြောင့် ရုရှားအာဏာပိုင်များ၊ တရားဝင်အဖွဲ့အစည်းများနှင့် တစ်ဦးချင်းအနေဖြင့် ပိတ်ဆို့အရေးယူခံရသည့် ကုမ္ပဏီများနှင့် ငွေလွှဲပြောင်းမှုများ လုပ်ဆောင်နိုင်မည်မဟုတ်ပေ။

ရုရှားသည် ၎င်းအပေါ် ပိတ်ဆို့အရေးယူမှု ပြုလုပ်သည့်နိုင်ငံ ၄၈ နိုင်ငံကိုလည်း မိတ်ဆွေရင်းမဟုတ်သည့် နိုင်ငံအဖြစ်သတ်မှတ်ခဲ့ရာ ထိုသို့ သတ်မှတ်ခံရသည့်နိုင်ငံ စုစုပေါင်း ၅၆ နိုင်ငံထိ တိုးလာခဲ့ပြီး ၎င်းတွင် G7 နိုင်ငံအားလုံးနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံ ပါဝင်သည်။ ထိုသို့ သတ်မှတ်ခံရသည့် နိုင်ငံများသည် ရုရှားနှင့်ဆက်ဆံရေးနှင့် ပတ်သက်၍ ကန့်သတ်တားမြစ်မှုများရင်ဆိုင်ရမည်ဖြစ်ပြီး ၎င်းတွင် ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာကန့်သတ်မှုများ၊ ရုရှားနိုင်ငံရှိ သံတမန်တာဝန်များနှင့်ပတ်သက်၍ ဒေသခန့်ငှားရမ်းရာတွင် ကန့်သတ်မှုများပါဝင်သည်။ ထိုသို့သတ်မှတ်ခြင်းသည် သွင်းကုန်၊ ပို့ကုန်များ ကန့်သတ်ရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများဆိုင်းငံ့ရန် သို့မဟုတ် ရပ်တန့်ရန်ပါဝင်သည်။

အဓိကအားဖြင့် ပုဂ္ဂလိက၊ အစိုးရ သို့မဟုတ် လုပ်ငန်းဆိုင်ရာပိုင်ဆိုင်မှု အခွင့်အရေးများကို ချိုးဖောက်မှုများသည် မည်သည့်နည်းနှင့်မျှလက်မခံနိုင်ကြောင်း ပြီးခဲ့သည့်နှစ်တွင် ရုရှားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စ်ကော့ဗ်က ပြောကြားခဲ့ပြီး ရုရှားသည် ၎င်း၏ အကျိုးစီးပွားကို အတတ်နိုင်ဆုံးကာကွယ်သွားမည်ဟု ကတိပြုခဲ့သည်။ ၎င်းမှာ ရုရှား၏တုံ့ပြန်နိုင်မှုကို ရှင်းရှင်းလင်းလင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ရုရှားက ယူကရိန်းအပေါ် အထူးစစ်ဆင်ရေးတစ်ရပ်အဖြစ် ထိုးစစ်ဆင်တိုက်ခိုက်မှုသည် ဥရောပနှင့် အနောက်အုပ်စုနိုင်ငံများ၊ အမေရိကန်၏ မိတ်ဖက်နိုင်ငံများမှ ပိတ်ဆို့အရေးယူမှုများအစီအရီဖြစ်ပေါ်လာခဲ့သည်။ ထိုသို့ ပိတ်ဆို့အရေးယူမှုများအနက် G7 နိုင်ငံများတွင် ထိန်းချုပ်ခံထားရသည့် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ကျော်တန်ဖိုးရှိ ရုရှားဗဟိုဘဏ်နှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုများကိုသိမ်းယူခြင်း သို့မဟုတ် ယူကရိန်းနိုင်ငံကို ထောက်ပံ့မှုအဖြစ် လွှဲပြောင်းပေးနိုင်ရေး ကြိုးပမ်းလာမှုသည် ရုရှားနိုင်ငံအပေါ် တိုက်ရိုက်စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ ထိုသို့ သိမ်းပိုက်မှုအစီအစဉ်ထိ ဖြစ်ပေါ်လာပါက ရုရှားအနေဖြင့် ပြင်းထန်သည့်တုံ့ပြန်မှုကို မလွဲမသွေ လုပ်ဆောင်လာနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကား**


(1) G7 considers sending frozen Russian assets to Kiev as aid — US Treasury Secretary, TASS, 9-1-2024

(2) Where are the Sanctioned Russian Assets Frozen in the West and How Much is actually Frozen, February 23, 2023

(3) Russia halts deliveries of rocket engines to the U.S. Reuters, 3-3-2022


နေရှား (သုတေသန)

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာ





**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်သို့ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းပုရုပ်ကြွကားချပ်များမှာ အသင့်ချိတ်ဆွဲထားနိုင်ကာ ဒီဇိုင်း ၁၀ မျိုးခန့် ဝင်ရောက်ထားပြီး အရောင်းသွက်သည့် ဒီဇိုင်းများမှာ နတ်မောင်နှံအကအလှ ပန်းပုရုပ်ကြွကားချပ်နှင့် နတ်သမီးကန်တော့ခန်းတို့ဖြစ်ကြောင်း၊ ပန်းပုရုပ်ကြွကားချပ်များကို မန္တလေးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇန်နဝါရီလထဲမှာ လက်ဆောင်ပေးဖို့ လူတော်တော်များများ အဝယ်များတာကတော့ ပန်းပုရုပ်ကြွ ကားချပ်တွေဖြစ်ပါတယ်။ ဒီဇန်နဝါရီလမှ မန္တလေးကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ဈေးနှုန်းကလဲ တစ်ချပ်ကို ငွေကျပ် ၁၈၀၀၀၀ လောက်ပဲရှိတဲ့အတွက် အဝယ်များပါတယ်။ ဒီဇိုင်း ၁၀ မျိုးလောက်မှာ နှစ်မျိုးလောက်တော့ လူဝယ်များပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါပန်းပုရုပ်ကြွကားချပ်၏ အရွယ်အစားမှာ (၁၄×၃၆) လက်မရှိပြီး တစ်ချပ်လျှင် ငွေကျပ် ၁၈၀၀၀၀ ခန့်ဖြစ်ကာ ယခုဇန်နဝါရီလအတွင်း နတ်မောင်နှံအကအလှနှင့် နတ်သမီးကန်တော့ခန်း ပန်းပုရုပ်ကြွကားချပ်များမှာ အချပ်ရေ ၂၀ ခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# ဆေးကုသမှုခံယူနေသည့် သရုပ်ဆောင် မြင့်စိုင်းသားအောင်အောင်ကို ရုပ်ရှင်လောကသားများက ငွေကြေးများပံ့ပိုးပေး



**ရန်ကုန် ဇန်နဝါရီ ၁၄**

ဆေးကုသမှုခံယူနေသည့် သရုပ်ဆောင် မြင့်စိုင်းသားအောင်အောင်ကို ရုပ်ရှင်လောကသားများက ဆေးကုသမှုအတွက် ငွေကြေးပံ့ပိုးပေးနေကြောင်း သရုပ်ဆောင် မြင့်စိုင်းသားအောင်အောင်၏ သမီးဖြစ်သူ သရုပ်ဆောင် ဟေမန်အောင်အောင်က ပြောပြ၍ သိရသည်။

နေအိမ်တွင် ဆေးဝါးကုသမှုခံယူနေသည့် အသက် ၇၄ နှစ်အရွယ် သရုပ်ဆောင် မြင့်စိုင်းသားအောင်အောင်ကို ဆေးကုသမှုပံ့ပိုးငွေအဖြစ် သရုပ်ဆောင် ထက်ထက်မိုးဦး၊ ဂျွန်လွင်တို့က ငွေကျပ် ၁၀ သိန်းစီကို ဇန်နဝါရီ ၁၃ ရက်က ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အဖေ့ကျန်းမာရေးအတွက် ဆရာဂျွန်လွင်က ငွေကျပ် ၁၀ သိန်း၊ မထက်ထက်မိုးဦးက ငွေကျပ် ၁၀ သိန်း ပံ့ပိုးပေးတယ်။ ဆရာနဲ့ မထက်ကို ကျေးဇူးတင်ကန်တော့ပါတယ်။ အဖေ့ကို ချစ်ပေး၊ ကူညီပံ့ပိုးပေးကြတဲ့ ခုနစ်ရက်သား၊ သမီးအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်"ဟု သရုပ်ဆောင် မြင့်စိုင်းသား အောင်အောင်၏ သမီးဖြစ်သူ သရုပ်ဆောင် ဟေမန်အောင်အောင်က ပြောပြသည်။

သရုပ်ဆောင် မြင့်စိုင်းသားအောင်အောင်အတွက် ကျန်းမာရေး စောင့်ရှောက်မှုခံယူနိုင်ရန် ရုပ်ရှင်လောကသားများ၊ ရုပ်ရှင်နှင့်ဆက်နွယ်နေသည့် မော်ဒယ်၊ မိတ်ကပ်ဖန်တီးသူများနှင့် ပရိသတ်များကလည်း ပံ့ပိုးငွေများ ကူညီပေးလျက်ရှိကြောင်း သိရသည်။

ASH

# မြဝတီမြို့နယ် ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျောက်စက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃၁ ဒသမ ၃သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဘိုဘို**

# Kalki 2898 AD ဇာတ်ကားကို မေ ၉ ရက်တွင် ရုံတင်ပြသမည်

**နယူးယောက် ဇန်နဝါရီ ၁၄**

မင်းသား ပရာဘတ် ပါဝင်သရုပ်ဆောင်ထားသည့် Kalki 2898 AD အမည်ရှိ အိန္ဒိယရုပ်ရှင်ဇာတ်ကားကို ယခုနှစ် မေ ၉ ရက်တွင် စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက် သတင်းများအရ သိရသည်။

Kalki 2898 AD ဇာတ်ကားသည် အိန္ဒိယဒဏ္ဍာရီကို ကပ်ဘေးအလွန်အနာဂတ်ကာလနှင့် ပေါင်းစပ်ထားသည့် သိပ္ပံအက်ရှင်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား ပရာဘတ်က Kalki အမည်ရှိ အမှောင်ခေတ်၏ကယ်တင်ရှင်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Kalki 2898 AD ဇာတ်ကားသည် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမြင့်မားဆုံး ဇာတ်ကားအဖြစ် သတ်မှတ်ခံထားရသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ပရာဘတ်နှင့်အတူ မင်းသားကြီး အမိတာဘာချန်း၊ ကမဲဟာဆန်နှင့် မင်းသမီး ဒီပီကာပါဒူကိုနီတို့ သရုပ်ဆောင်ထားသည်။

Kalki 2898 AD ဇာတ်ကားကို နက်အက်ဝင်းက ရိုက်ကူးပေးထားပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ် ရူပီးငွေ ခြောက်ဘီလီယံထိ သုံးစွဲထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# PGA ဆုပေးပွဲအတွက် ဆန်ခါတင် ဇာတ်ကားများစာရင်း ထွက်ပေါ်လာ

**နယူးယောက် ဇန်နဝါရီ ၁၄**

အမေရိကန်ရုပ်ရှင်ထုတ်လုပ်သူများအသင်း (PGA) ဆုပေးပွဲအတွက် ဆန်ခါတင်ဇာတ်ကားများ စာရင်းထွက်ပေါ်လာပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက် သတင်းများအရ သိရသည်။

PGA ဆုများသည် ရုပ်ရှင်လောကနှင့် ရုပ်သံလောကတို့မှ ထိပ်တန်းထုတ်လုပ်သူများကို ရွေးချယ်ပေးအပ်သည့် ဆုများဖြစ်ကြောင်း သိရသည်။

Darryl F.Zanuck Award အမည်ရှိ PGA ဆု၏ ဆန်ခါတင်စာရင်းတွင် Barbie၊ Oppenheimer၊ The Holdovers၊ Past Lives၊ American Fiction၊ Killers of the Flower Moon နှင့် Maestro ဇာတ်ကားများ ပါဝင်ကြောင်း သိရသည်။

PGA ၏ အဓိကဆုဖြစ်သော Darryl F.Zanuck Award ဆုရရှိမည့်ဇာတ်ကားများသည် အော်စကာဆုပေးပွဲ၏ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုများကိုလည်း ရရှိတတ်သည်။

အမေရိကန်ရုပ်ရှင်ထုတ်လုပ်သူများအသင်းဆုပေးပွဲကို ယခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Message sent by Chairman of State Administration Council of Republic of the Union of Myanmar Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 72nd Anniversary of Kayah State Day

# January 15, 2024

Esteemed all the people and ethnic national brethren in Kayah State,

Today, January 15th, is the auspicious Kayah State Day for the ethnic national brethren and Kayah ethnic people in Kayah State.

On Kayah State Day, which falls on the occasion of the New Year, I extend my greetings to all Kayah ethnic people and all ethnic national brethren wishing them good health, happiness and prosperity.

According to the 1947 Constitution, Kayinni State was included as a state of the Union of Myanmar in 1951, and it was officially changed to Kayah State by the public desire as of January 15, 1952, according to the 1951 Constitutional Amendment Act. The day that it was changed as Kayah State was marked as "Kayah State Day ".

The Kayah State is located on the eastern mountain range, teeming with natural beauties and plenty of underground and above ground natural resources. It is a pleasant state endowed with the beauties of traditional culture. The favourable weather, friendliness, hospitality and honesty of local ethnic people are attractive characteristics of the state. The Kayah State firmly stood as a developing one due to beautiful scenes, neat and tidy landscaping, honesty and transparent souls of the ethnic nationals as well as utmost efforts of locals to serve the state interests.

Grasping such already obtained good basics, now is the time specially needed for ethnic national people in the state to join hands with the Government for ensuring peace, stability and development of the Kayah State and build the perpetual peace for enabling the posterities to enjoy it.

Our country has stood independently with prestige and dignity for thousands of years in the world with all ethnic groups being united. However, it is well known that the imperialists made the entire country of Myanmar into a colonial state through three unjust wars of aggression and exploited, manipulated and ruled it.

All the ethnic groups under such unjust and oppressive rule fought for independence with full patriotism sacrificing a lot of life and blood. At the time of regaining independence, due to the legacy of the imperialist's divide and rule system, ethnic unity broke down within the Union and internal conflicts arose. At the present time, due to the armed conflicts being generated especially in the regions, where ethnic people live, including Kayah State, riots and violence and destruction and disturbance, the local ethnic people are suffering a lot of hardship. As it may put the country in danger, I would like to inform that all the people concerned and all ethnic people should give serious consideration to peace and stability and perpetual peace.

In Kayah state, terrorist insurgents are also destroying regional stability, attacking towns and villages, detonating roads and bridges to disrupt the flow of transportation and goods and destroying public vehicles, buildings, markets, monasteries, schools of children, Christian religious buildings, office buildings, etc. This is very ugly and caused the people to face extreme suffering.

It is necessary for them to consider carefully that such consequences of these situations will not bring about the good of Kayah State and the local ethnic people and be dangerous for the State and all the people.

If ethnic peoples born in the Union put forward their different desires, they will continue to face difficulties between them as well as suffering conflicts without peace and stability. Therefore, we have to look at the situation happening in the country correctly and make all-round efforts to bring about good things.

Esteemed all the people and ethnic national brethren,

The true desire of all ethnic people is to see and enjoy peace and prosperity, rule of law, improvement of socio-economic life and food security. Only when there is peace and stability and rule of law in the nation, will the ethnic people be able to earn a living in peace and enjoy improvement of the socio-economic life. The main solution to the difficulties and violence that the country is currently facing is national reconciliation, solidarity and peace. Therefore, I would like to urge the Government, the Tatmadaw and all the people to work together in unity to ensure peace and stability and perpetual peace through emphasizing the importance of the affairs of Union, politics and all ethnic people.

The Government has been taking measures to ensure the country's prosperity and food security as national objectives as well as working to improve agriculture and livestock sector, which are applicable to the entire ethnic people, with modern methods and encouraging and promoting other economic sectors to develop comprehensively. Centred on the improved economic drive, micro, small, and medium-sized enterprises (MSMEs) are encouraged and promoted. All ethnic people are to participate in the efforts being made to achieve the national objectives.

The youth must be encouraged to become the main force in the process for development of the nation. In order to build a Union based on democracy and federalism, the entire of the people, including the youth, need to be complete with knowledge, skills and ability to think and imagine. The Government is implementing a comprehensive education system that can produce human resources needed for building a modern, developed nation.

Education is the foundation for development of the nation. Therefore, a social objective to establish a comprehensive education system accessible to everyone is being laid down and implemented. It is being implemented to ensure access to education for all school-age children, study until completing at least secondary level (KG+9) and learn vocational education on technology, agriculture and livestock at the high school level.

Human resource development, high education, solidarity of all ethnic national brethren is a national affair and interest. The youth must be nurtured to have the spirit to love the country and patriotism along with the skill in order that they will become good, high-performance citizens who have ability to think critically about good and bad and respect laws and rules along with the skill. Only then will they be able to protect the country in the future as a new generation full of the Five Noble Strength and high performance.

Esteemed all the people and ethnic national brethren,

For the perpetual existence and strengthening of the Union, efforts must be made to develop the spirit of ethnic unity and good fundamentals of the Union spirit among the ethnic people prioritizing Our Three Main National Causes which is the national responsibility.

I am sending this message seriously urging the ethnic people in Kayah State to work together in unity and participate in building a Union based on democracy and federalism with mutual respect, understanding and trust among ethnic national brethren born in the Union through correct ideology.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Iraqis rally in Baghdad to protest against U.S.-Britain strikes in Yemen

**Baghdad January 14**

Hundreds of Iraqis held a rally on Saturday in Iraq's capital Baghdad in protest against the U.S.-Britain strikes against some Houthi military sites in Yemen.

The protest was held in Tahrir Square in central Baghdad, where demonstrators chanted anti-U.S. slogans and raised banners denouncing Israel and the United States.

Many demonstrators said the air strikes represent American arrogance that does not respect international laws and norms.

Ali al-Lami, one of the protest organizers, told Xinhua while waving a Yemeni flag: "We condemn and denounce the U.S.-British aggression against Yemen, which represents a form of terrorism practiced by the United States."

Kadhim Hassouni, another protester, told Xinhua, "America brags about human rights and democracy, but in fact, it is the one that violates human rights and the principles of democracy through its interference in the internal affairs of other countries and committing crimes against their people."

On Friday, the United States and Britain launched a series of strikes on Houthi targets in the Yemeni capital of Sanaa and other provinces under the group's control.

Xinhua

# Low tide causes navigation challenges in Ayeyawady River


Boats and ships moored at a jetty by the Ayeyawady River.

**Mandalay January 14**

The Ayeyawady River, the main waterway in Myanmar, is experiencing low tide conditions that affect the movement of passenger and cargo ships.

U Ye Tun Lin Aung, assistant director of the Navigation Department under the Directorate of Water Resources and Improvement of River Systems, Region 5, Mandalay Region, said that there is a slight traffic congestion near the river sections of Myinmu and Myingyan.

He advised the ships to take special precautions and follow the navigation signs to avoid running aground.

He said that the river sections near Myingyan and Myinmu towns are experiencing some congestion due to low tide, but no accidents have occurred so far.

"Recently, the waterways around the towns of Myingyan and Myinmu are tight, but nothing bad has happened yet. However, passenger and cargo ships going from Mandalay Port to Myingyan and Myinmu need to take special precautions to prevent them from running aground," he continued.

The department had announced the water level limits for the river channel in November, which vary from 2 feet 6 inches to 5 feet 6 inches depending on the location. The low tide period is expected to last until February.

184

# Locals from Myaungmya District harvest 500,544 acres of rain-fed rice crops

**Myaungmya January 14**

A total of 500,544 acres of rain-fed rice planted during the rainy season in Myaungmya District, Ayeyawady Region, have been harvested, said U Kyaw Moe Win, head of the Department of Agriculture for Myaungmya District.

In Myaungmya District, up to 521,964 acres of rain-fed rice were planted during the rainy season. The planted rain-fed rice fields were harvested from the first week of November 2023. Today, 500,544 acres of rain-fed rice have been harvested. The remaining 21,420 acres of rain-fed rice are still being harvested.

"During the paddy growing season, we must ensure that the planting methods are correct and the yield is free from pests. We have carried out work so that we can plant without any difficulties. Therefore, when we harvest, we have good yield and good quality rice." said U Kyaw Moe Win.

The harvest of rain-fed rice in Myaungmya District produced up to 90.77 baskets per acre.

KKL


Paddy being threshed in a field.

# Cauliflowers produced from the mountainous areas have a good sale in Mandalay market

**Mandalay January 14**

Cauliflowers produced from the mountainous areas have entered the Thiri Marlar wholesale market in Aungmyethazan District, Mandalay, said U Aung Moe Naing, the owner of Aung commodity center in Mandalay.

At present, about 4 to 5 6-wheeled vehicles regularly enter Mandalay's vegetable market with cauliflowers produced from the mountain areas. These cauliflowers have entered the market, and the current prices of cauliflowers are trading at 800 kyats per piece.

"Cauliflowers are produced only in the mountainous regions. After the price goes up, the sales are good. Cauliflowers grown in the mountainous areas and produced are entering the market every day. The number of cauliflowers from the rest of the region has decreased. But transactions are good in the market. The other crops such as tomatoes, cabbage, potatoes, mustards, kidney beans, bitter gourds, white mustards, and garlic, are trading well," he said.

This crop is a twelve-month seasonal crop and is a profitable crop for farmers. Currently, the Thiri Marlar market is open for sale from 4 am to 8 pm.

185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Authorities sell over 2,100 bags of natural fertilizers to the cooperatives' farmers growing winter crops

**Mandalay January 14**

More than 2,100 bags of Sanwady natural fertilizer have been distributed and sold in order to make full use of the inputs for the acreage of cooperative farmers growing winter crops in Mandalay Region, said U Hlaing Moe, assistant director of the Cooperative Department for Mandalay Region.

In order to be able to fully utilize the plant's nutrients for the winter crops planted by the farmers of the cooperative association, the department has distributed and sold over 2,100 bags for the winter crop acres of the member farmers in 22 townships since October through the instant payment system and installment system at a low price. It is known that they continue to sell to farmers.

"We have targeted 9,000 bags of fertilizers for distribution for winter crops. At present, more than 2,100 bags have been distributed. We are also selling Sanwady natural fertilizers to the farmers from the rest of the states and regions," he explained.

185


A winter crop plantation.

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလက ငါးတန်ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ခဲ့ရ



**ပန်းတနော် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလက ငါးတန်ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ငါးတန်အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် နိုဝင်ဘာလက ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးတန်ပိဿာချိန် ၆၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက် မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးတန်ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းကလဲ ငါးတန်တွေ ဝယ်ယူမှုအားကောင်းခဲ့သလို လက်ရှိ ဇန်နဝါရီလထဲမှာလဲ ဝယ်ယူမှုအားကောင်းနေပါတယ်။ ပန်းတနော်မြို့နယ်ကနေ ရန်ကုန်မြို့ကို ငါးတန်တွေ အများဆုံး တင်ပို့ရောင်းချရပါတယ်။ ပန်းတနော်ဘက်မှာက မွေးမြူရေးငါးတန်ကော သဘာဝအတိုင်း ဖမ်းယူရရှိတဲ့ငါးပါ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်တွင်း အခြားဒေသတွေနဲ့ ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်းက ငါးတန်ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ဈေးရရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကဝမြို့နယ် ကမာဘာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကဝ ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ကမာဘာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့်ချေးငွေကာလသတ်မှတ်ချက်များ စသည့် အကြောင်းအရာများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကဝမြို့နယ် ကမာဘာကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသူများကို သက်ဆိုင်ရာကဏ္ဍအလိုက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

# နတ်မောက်မြို့နယ် သာယာအေးကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သာယာအေးကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သာယာအေးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၄-၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၇၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

၂၁ ရှေ့ဖုံးမှအဆက်

၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ရက်ကို "ကယားပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်းတောင်တန်းဒေသဖြစ်ပြီး တောတောင်ရေမြေသဘာဝအလှတရားများ၊ မြေပေါ်မြေအောက် သယံဇာတများပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှတရားများဖြင့် သာယာလှပသော ပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင်ဖြစ်ပါသည်။ သာယာလှပသည့် ရှုခင်း၊ သန့်ရှင်းသပ်ရပ်သည့် အခင်းအကျင်း၊ တိုင်းရင်းသားတို့၏ ပွင့်လင်းရိုးသားမှု၊ ဒေသခံသားချင်းများက ပြည်နယ်အကျိုးကို ဝိုင်းဝန်းဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ထိုသို့ရရှိပြီး အခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံသည် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ သိက္ခာရှိရှိ နှစ်ပေါင်းထောင်ချီ လွတ်လပ်စွာ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ သို့သော်လည်း နယ်ချဲ့တို့မှ မတရားကျူးကျော်စစ် သုံးကြိမ်ဖြင့် မြန်မာတစ်နိုင်ငံလုံးကို ကိုလိုနီနိုင်ငံအဖြစ် သွတ်သွင်းပြီး ကုပ်သွေးစုပ်ခြယ်လှယ်အုပ်ချုပ်ခဲ့ကြသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

ထိုသို့ မတရားဖိနှိပ်အုပ်ချုပ်မှုအောက်မှ တိုင်းရင်းသားအားလုံးက မျိုးချစ်စိတ်အပြည့်အဝဖြင့် အသက်သွေးချွေးမြောက်မြားစွာ ပေးဆပ်ကာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြိုးပမ်းခဲ့ကြပါသည်။ လွတ်လပ်ရေးရချိန်တွင် လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်သည့် အမွေဆိုးကြောင့် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲကာ ပြည်တွင်းရေးပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ပါသည်။ ယခုကာလတွင်လည်း ကယားပြည်နယ်အပါအဝင်အထူးသဖြင့် တိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် လက်နက်ကိုင်တိုက်ပွဲများ ဖော်ဆောင်နေခြင်း၊ ဆူပူအကြမ်းဖက်၊ ဖျက်ဆီးနှောင့်ယှက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခများစွာ ခံစားနေကြရပြီး နိုင်ငံအတွက် အန္တရာယ်များလာနိုင်သဖြင့် သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားစဉ်းစားဆောင်ရွက်သင့်ပြီဖြစ်ကြောင်း အသိပေးပြောကြားလိုပါသည်။

**ကယားပြည်နယ်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဒေသတွင်းတည်ငြိမ်နေမှုများ ပျက်ပြားအောင်ဆောင်ရွက်ခြင်း၊ မြို့ရွာများကိုတိုက်ခိုက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကုန်စည်စီးဆင်းမှု ပြတ်တောက်အောင် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည်တို့အပြင် အများပြည်သူပိုင် မော်တော်ယာဉ်များ၊ အဆောက်အအုံများ၊ ဈေးများဖျက်ဆီးခြင်း၊ ဘုန်းကြီးကျောင်းများ၊ ကလေးသူငယ်များ ပညာသင်ကြားနေသော စာသင်ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများ၊ ရုံးအဆောက်အအုံများ အစရှိသည်တို့ကို ဖျက်ဆီးခဲ့ခြင်းများသည် လွန်စွာမှအကျည်းတန်ရပ်ဆိုးလှပြီး ပြည်သူလူထု အတိဒုက္ခရောက်စေခြင်းကို ဖြစ်ပေါ်စေခဲ့**ပါသည်။

ထိုအခြေအနေများ၏ အကျိုးဆက်သည် ကယားပြည်နယ်နှင့် ဒေသခံတိုင်းရင်းသားတို့၏ ကောင်းကျိုးကို ဖော်ဆောင်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အန္တရာယ်ဖြစ်စေကြောင်း သတိထားဆင်ခြင်နိုင်ကြရန် လိုအပ်ပါသည်။

မိမိတို့ **ပြည်ထောင်စုဖွား တိုင်းရင်းသားများအနေဖြင့် မတူညီသော မိမိတို့ဆန္ဒများကို ရှေ့တန်းတင်ဆောင်ရွက်နေမည်ဆိုပါက အချင်းချင်း အကြားမပြေလည်မှုများ၊ ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများကို ဆက်လက်ရင်ဆိုင်နေကြရမည်သာဖြစ်**ပါသည်။ ထို့ကြောင့် **နိုင်ငံတော်အတွင်းဖြစ်ပေါ်နေသော အခြေအနေများကို မှန်မှန်ကန်ကန်ရှုမြင်ပြီး ကောင်းကျိုးများဖြစ်ထွန်းလာအောင် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား -**

တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင်ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ တိုင်းရင်းသားပြည်သူများ အေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ကြမည်ဖြစ်ကာ လူမှုစီးပွားဘဝတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ **လက်ရှိနိုင်ငံအတွင်း ကြုံတွေ့နေရသော အခက်အခဲများနှင့် ကြမ်းတမ်းစက်ထန်မှုများအတွက် အဓိကကျသောအဖြေမှာ အမျိုးသားရင်ကြားစေ့ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပင်ဖြစ်**ပါသည်။ ထို့ကြောင့် **ပြည်ထောင်စုအရေး၊ နိုင်ငံရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး၏အရေးကို အလေးပေးကာ တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့က လက်တွဲညီစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလို**ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်လာအောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ တိုးတက်ကောင်းမွန်လာသော စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်ရေး ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များကို အဓိကစွမ်းအားစုအဖြစ်ပါဝင်လာနိုင်ရေး မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လူငယ်လူရွယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာများ၊ ခေါင်းဆောင်မှုခေါ်နိုင်သည့် စွမ်းရည်များပြည့်စုံကြရန်လိုအပ်**ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ရေး လူမှုရေးဦးတည်ချက် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး အလယ်တန်းအဆင့်(KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အသက်မွေးဝမ်းကျောင်းပညာကို အထက်တန်းအဆင့်တွင် သင်ယူနိုင်ရေးတို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသား ညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေး အကျိုးစီးပွားပင်ဖြစ်ပါသည်။ လူငယ်များကို အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးကြရပါမည်။ သို့မှသာ ဗလငါးတန်နှင့်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များအဖြစ် အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ကြမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား -**

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆ မှန်ကန်စွာဖြင့်၊ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်**သွားကြရန် အလေးအနက်တိုက်တွန်းလျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

> **မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆ မှန်ကန်စွာဖြင့်၊ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်. . .**

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၁၅ ရက်မှ ဇန်နဝါရီ ၂၁ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မော်လမြိုင်မြို့၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ရည်ဘွဲ့များ ဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA(ဗဟို)က ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ရည်ဘွဲ့များ ဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပရိယတ္တိဓမ္မဝိမာန်တော်ကြီး၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အသင်းဝင်များ၊ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် လူပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)ဥက္ကဋ္ဌ ကိုယ်စား ဗဟိုတွဲဖက်အတွင်းရေးမှူးက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော် လှူဒါန်းချီးမြှင့်ရခြင်း အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားကာ ပြည်နယ်ဝန်ကြီးချုပ်က မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်အား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လှူဒါန်းပူဇော်သော အဘိဓဇအဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်သည်။ ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က ဆက်ကပ်လှူဒါန်းပူဇော်သော အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇနှင့် မင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ကြီး ၁၅ ပါးအား ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလဓမ္မဇောတိကဓဇ၊ မင်္ဂလဓမ္မဇာဂေဇာတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် လူပုဂ္ဂိုလ် ၁၀ ဦးနှင့် အမျိုးဘာသာသာသနာ ပညာအကျိုးအတွက် စစ်မှန်သောစေတနာဖြင့် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ မိမိအသက်ကိုပဓာနမထားဘဲ တာဝန်ထမ်းဆောင်ခဲ့သည့် လူပုဂ္ဂိုလ် ၁၁ ဦးကို YMBA ဂုဏ်ရည်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ကြသည်။ ထို့နောက် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ ဒုတိယမြိုင်ကြီးငူဆရာတော်ကြီး ဘဒ္ဒန္တဉာဏိတနှင့် ကျိုက်ထီးဆောင်း ဒုတိယဒီပဆရာတော် ဒေါက်တာဘဒ္ဒန္တနာဂဒီပ ဆရာတော်ကြီးများထံမှ ဩဝါဒတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။



**မော်လမြိုင်မြို့၌ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA (ဗဟို)က ဆက်ကပ် လှူဒါန်းသော ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ရည်ဘွဲ့များ ဆက်ကပ် ချီးမြှင့်ခြင်း မင်္ဂလာ အခမ်းအနား ကျင်းပစဉ်။**






**ဘုရား စေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မျိုးချစ်ပြည်သူများက ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။**



☆ **ကျောဖုံးမှအဆက်**

သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူ ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "သာသနာကို ဖျက်ဆီးနေသော အကြမ်းဖက်သူများ (ကျရှုံးပါစေ)၊ လူသတ်အကြမ်းဖက် သောင်းကျန်းသူမှန်သမျှ (ဆန့်ကျင်ကြ)၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား စော်ကားဖျက်ဆီးသူ (ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာ သောင်းကျန်သူများ (ကျရှုံးပါစေ)၊ ဒို့ဘာသာ၊ ဒို့သာသနာ၊ ဒို့ယဉ်ကျေးမှု ဖျက်ဆီးစော်ကားသူများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များ (အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်သမားများ (အလိုမရှိ)"စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲများသို့ သက်ဆိုင်ရာမြို့နယ်အသီးသီးမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မျိုးချစ်ပြည်သူများတစ်ခဲနက်တက်ရောက် ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သတင်းရရှိသည်။

**ဘုရား စေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မျိုးချစ်ပြည်သူများက ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။**

# ဟုမ္မလင်းမြို့၌ ဗုဒ္ဓဘာသာဝင်များအတွက်အမြတ်ထားရာ စေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် သာသနာဖျက်မိစ္ဆာများကို ကန့်ကွက်ရှုတ်ချပွဲ ကျင်းပ





**ဟုမ္မလင်း ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့၌ ဗုဒ္ဓဘာသာဝင်များ အတွက် အမြတ်ထားရာ စေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက် သောင်းကျန်းသူများနှင့် သာသနာဖျက်မိစ္ဆာများအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဟုမ္မလင်းမြို့ ခိုပဲဝရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုရားဝင်းရှေ့တွင် ဟုမ္မလင်းမြို့နယ် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုဝေးကြပြီး ဟုမ္မလင်းဗျူဟာလမ်းမှတစ်ဆင့် အင်းဖြတ်လမ်းမှ မြို့တွင်းသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ဘာသာအကျိုးတို့သယ်ပိုး၊ မိစ္ဆာဟူသမျှရှင်းလင်းကြ၊ ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်အထွတ်အမြတ်ထားရာ ဘုရားဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများအား ဆန့်ကျင်ကြ၊ အမျိုးဘာသာသာသနာအား ဖျက်ဆီးနေသည့် အကြမ်းဖက်အဖွဲ့များအား အလိုမရှိ စသည့်ကြွေးကြော်သံများ ကြွေးကြော်ကာ အဆိုပါစာသားပါ ဆိုင်းဘုတ်များ၊ နိုင်ငံတော်အလံများ၊ သာသနာ့အလံများ ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ကြပြီး ဟုမ္မလင်းမြို့ ခိုပဲဝရပ်ကွက်ရှိ ဆုတောင်းပြည့်စေတီတော်ဘုရားဝင်းတွင် စုဝေး၍ ဗုဒ္ဓဘာသာဝင်များ အတွက် အမြတ်ထားရာ စေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက် သောင်းကျန်းသူများနှင့် သာသနာဖျက်မိစ္ဆာများကို ကန့်ကွက်ရှုတ်ချကြောင်း ဟောပြော၍ ကန့်ကွက်ရှုတ်ချပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**ဟုမ္မလင်း(မြန်/ဆက်)**

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်ထိ ရက်သတ္တပတ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော်ရရှိခဲ့

(၃၀-၁၂-၂၀၂၃ မှ ၅-၁-၂၀၂၄) ရက်နေ့ထိ ရက်သတ္တပတ်တွင်

ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၁၈၂၇ | ၇၀၇.၀၄၂ | ၂၄၈ | ၂၉၆.၉၈၇ | ၂၀၇၅ | ၁၀၀၄.၀၂၉ |
| ၂ | အမှန်တင်ပို့မှု | | ၁၅၈.၆၉၉ | | ၇၅.၄၇၅ | | ၂၃၄.၁၇၄ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၅၁.၃၇၈ | | ၁၅.၅၂၆ | | ၆၆.၉၀၄ |
| (ခ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၁၀၉ | | ၀.၁၉၄ | | ၀.၃၀၃ |
| (ဂ) | ရေထွက်ပစ္စည်း | | ၆.၆၂၉ | | ၇.၄၀၂ | | ၁၄.၀၃၁ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၂.၉၀၆ | | ၀.၄၀၆ | | ၃.၃၁၂ |
| (င) | သစ်တောထွက်ပစ္စည်း | | ၁.၂၀၉ | | ၀.၀၀၁ | | ၁.၂၁၀ |
| (စ) | စက်မှုကုန်ချောပစ္စည်း | | ၆၉.၁၅၂ | | ၅၁.၇၇၁ | | ၁၂၀.၉၂၃ |
| (ဆ) | အခြားပစ္စည်းများ | | ၂၇.၃၁၆ | | ၀.၁၇၅ | | ၂၇.၄၉၁ |

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်ထိ ရက်သတ္တပတ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော်ရရှိခဲ့သည်။ ယခုရက်သတ္တပတ်တွင် လယ်ယာကဏ္ဍမှ ပြောင်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ထောပတ်ပဲ၊ မြေပဲဆံ၊ နှမ်း၊ ကြက်သွန်နီ၊ ချင်းခြောက်၊ မန်ကျည်းသီး၊ သစ်သီးဝလံ ဖရဲသီး၊ ထောပတ်သီး၊ လိမ္မော်သီး၊ တစ်သျှူးငှက်ပျောသီး၊ ငှက်ပျောသီး(ရိုးရိုး) တို့တင်ပို့မှုပိုမိုခဲ့သည်။

တရုတ်နှစ်သစ်ကူးကာလနီးကပ်လာသဖြင့် တရုတ်နိုင်ငံက မြန်မာ့သစ်သီးဝလံများကို ဝယ်လိုအားပြန်လည်မြင့်တက်ခဲ့သည်။ ယခုရက်သတ္တပတ်တွင် ဖရဲ၊ သခွား(သခွားမွှေး)၊ ငှက်ပျော သစ်သီးဝလံများကို ကျိုင်းတုံ၊ လွယ်ဂျယ်၊ ကံပိုင်တည်နယ်စပ်တို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တန်ချိန် ၃၅၀၀၀ ခန့်ထိ တိုးတက်တင်ပို့နိုင်ခဲ့သည်။ ထို့ပြင် တာချီလိတ်၊ မော်တောင်နယ်စပ်တို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ လိမ္မော်သီး၊ ထောပတ်သီး၊ ငှက်ပျောသီး များကိုလည်း တင်ပို့လျက်ရှိသည်။ ယခုအပတ် သစ်သီးဝလံတင်ပို့မှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ထိရရှိခဲ့သည်။

မြန်မာ့ပြောင်းကို ထိုင်းနိုင်ငံက အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုသည့်ကာလအစ ဖေဖော်ဝါရီလသို့ ရောက်ရှိတော့မည်ဖြစ်၍ ပြောင်းပိုမိုတင်ပို့လာနိုင်တော့မည်ဖြစ်သည်။ နှစ်စဉ် ပြောင်းစေ့တန်ချိန် ၂ ဒသမ ၆ သန်းထိ တင်ပို့မှုရှိရာ ယခုနှစ်တွင်လည်း ပြောင်းလုပ်ငန်းရှင်များအနေဖြင့် အဓိကဈေးကွက် ထိုင်းနိုင်ငံ အပါအဝင် ပြောင်းဝယ်လိုအားများပြားသည့် ဖိလစ်ပိုင်၊ တရုတ်၊ စင်ကာပူ၊ ဗီယက်နမ်နိုင်ငံတို့သို့ တိုးတက်တင်ပို့နိုင်ရေး၊ ယခင်ဈေးကွက်ရရှိတင်ပို့ခဲ့ပြီး လက်ရှိတင်ပို့မှုပျောက်ကွယ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဂျပန်၊ တရုတ်(ထိုင်ပေ)၊ မလေးရှား၊ နီပေါ၊ သီရိလင်္ကာ၊ ယူအေအီး စသည့်ဈေးကွက်များသို့ ပြန်လည်တင်ပို့နိုင်ရေးကို ချိတ်ဆက်ဆောင်ရွက်နေကြပြီဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ လယ်ယာထွက်ကုန်များ တင်ပို့နိုင်သည့်နည်းတူ ယခုရက်သတ္တပတ်တွင် ရေထွက်ပစ္စည်းများကိုလည်း ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုတို့မှ ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့သည်။ ရေထွက်ကုန်များကို ယခုအပတ်တွင် ပင်လယ်ရေကြောင်း၊ လေကြောင်းဖြင့် နိုင်ငံပေါင်း ၂၀ သို့ တန်ချိန် ၃၀၇၀ နှင့် တရုတ်၊ ထိုင်း အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်စခန်းများမှတစ်ဆင့် တန်ချိန် ၇၇၈၀ စုစုပေါင်းတန်ချိန် ၁၀၈၅၀ တင်ပို့နိုင်ခဲ့သည်။ ပြည်တွင်းမွေးမြူရေးငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးတန်၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငါးခုံးမ၊ ငါးသိုင်းခေါင်းပွ စသည့်အမျိုးအစားပေါင်းစုံလင်စွာ တင်ပို့မှုရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုပမာဏကို မြှင့်တင်ရာ၌ မွေးမြူရေးလုပ်ငန်းများနှင့် မွေးမြူရေးစနစ်များ ပိုမိုကောင်းမွန်လာစေရန် တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုရှိ ပုစွန်မွေးမြူရေးကန်များမှ မွေးမြူထုတ်လုပ်သည့် ပနားမီးပုစွန်များကို တရုတ်၊ ဂျပန် ဈေးကွက်များသို့ တင်ပို့လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်ရှိ ပြည်ပတင်ပို့မှုအတွက် ရည်ရွယ်သည့် ငါးတန်မွေးမြူရေးစီမံကိန်းမှ ယခုနှစ်အတွင်း ပြည်ပတင်ပို့နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၃)ရပ်အနက် ပထမဦးတည်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုစိုက်ပျိုး၊ ထုတ်လုပ်၊ တိုးတက်တင်ပို့ ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။

### အဓိကပို့ကုန်အများဆုံး (၁၀)မျိုး စာရင်း
၁-၄-၂၀၂၃ မှ ၅-၁-၂၀၂၄ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၅၁၇၁၃၇၇၇၇ | ၃၃၀၈.၁၈၂ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၂၆၂၂၆၉၃၁၉ | ၂၅၄၃.၅၇၀ |
| ၃ | မတ်ပဲ | တန် | ၅၉၁၅၃၈ | ၅၄၁.၀၀၄ |
| ၄ | ဆန်+ဆန်ကွဲ | တန် | ၁၀၁၃၅၉၁ | ၄၈၉.၈၉၂ |
| ၅ | ပြောင်း | တန် | ၉၅၂၂၄၇ | ၂၈၃.၂၈၂ |
| ၆ | ငါး | တန် | ၂၂၉၆၈၉ | ၂၆၆.၂၀၈ |
| ၇ | ပဲတီစိမ်း | တန် | ၃၀၇၅၆၇ | ၂၀၈.၂၀၀ |
| ၈ | ရော်ဘာစိမ်း | တန် | ၁၁၉၃၅၄ | ၁၅၁.၁၀၈ |
| ၉ | ပဲစင်းငုံ | တန် | ၁၂၂၃၉၄ | ၁၁၀.၈၇၅ |
| ၁၀ | တစ်သျှူးငှက်ပျောသီး | တန် | ၂၅၉၅၄၈ | ၈၉.၉၁၆ |

### ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ (၁၀)စာရင်း
၁-၄-၂၀၂၃ မှ ၅-၁-၂၀၂၄ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၇၁၂.၁၉၃ |
| ၂ | တရုတ် | ၂၂၆၁.၉၃၄ |
| ၃ | ဂျပန် | ၈၈၀.၁၁၂ |
| ၄ | အိန္ဒိယ | ၆၄၁.၃၇၆ |
| ၅ | အမေရိကန် | ၄၄၈.၁၆၉ |
| ၆ | ဂျာမနီ | ၄၁၀.၈၈၉ |
| ၇ | ပိုလန် | ၃၇၂.၅၅၄ |
| ၈ | စပိန် | ၃၃၅.၈၅၉ |
| ၉ | တောင်ကိုရီးယား | ၃၀၂.၉၇၀ |
| ၁၀ | အီတလီ | ၂၄၁.၂၁၆ |



**❑ ဖူးမြော်ကြည်ညိုမှုအဆက်**

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့်ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့်ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။ ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းတည်ဆောက်ထားရှိသည့်မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ဗုဒ္ဓဥယျာဉ်တော်အတွင်းကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင်အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များထည့်သွင်းပူဇော်ခဲ့သည့်ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှုမှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့်အခြား သာသနိကအဆောက်အအုံများကိုဆက်လက်ဖူးမြော် လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။





# ပြင်ဦးလွင်မြို့ ကံကူပြည့်မြတ်စွာဘုရား ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် စတုဒိသာအာဟာရဒါန အလှူတော်မင်္ဂလာပွဲအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေများပေးအပ်လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၄**

ပြင်ဦးလွင်မြို့နယ် ၃၂ မိုင် အောင်ချမ်းသာရွာ အောင်ချမ်းသာတောင် ဝိပဿီဓမ္မရိပ်သာအတွင်း၌တည်ထားသော ကံကူပြည့်မြတ်စွာဘုရား၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် စတုဒိသာအာဟာရဒါန အလှူတော်မင်္ဂလာပွဲအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းငွေများကို ယနေ့နံနက်ပိုင်းက သွားရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် ဝိပဿီဓမ္မရိပ်သာဦးစီးပဓာနနာယက ကျမ်းပြုစာဆိုဥပဒေဝိဇ္ဇာဘွဲ့ရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဖူးမြော်၍ လှူဒါန်းရခြင်းရည်ရွယ်ချက်ကိုလျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒများခံယူကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၆၀ ကို ဆရာတော်ကြီးထံလှူဒါန်းပြီး လှူဒါန်းမှုအတွက် သာဓုအနုမောဒနာခေါ်ဆိုခဲ့ကြသည်။

ကံကူပြည့်မြတ်စွာဘုရား၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် စတုဒိသာအာဟာရဒါန အလှူတော်မင်္ဂလာပွဲကို ဇန်နဝါရီ ၁၅ ရက်မှ ၂၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး နေ့စဉ်နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း ၁၁ ရက်တိုင်တိုင်စတုဒိသာအာဟာရဒါနလှူဒါန်းခြင်း၊ ဆရာတော်ကြီးအပါး ၄၅၀ အနက် တစ်ရက်လျှင် ၄၅ ပါးစီဖြင့် ၁၀ ရက် တိုင်တိုင် အနေကဇာတင်ခြင်းများ၊ လှူဒါန်းခြင်းများကျင်းပသွားမည်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၅ရက် နံနက် ၈ နာရီတွင် သီးခြားဆရာတော် ၂၇ပါးတို့ဖြင့် ရေစက်ချပရိတ်တရားတော်နာယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကိုယ်ဝန်သည် အပါအဝင် ပြည်သူလေးဦးကိုပစ်သတ်သွားကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကျွန်းတောကြီးကျေးရွာ၊ မြင်းကျကျေးရွာနှင့် ကားဆိပ်ကျေးရွာတို့မှ ကိုယ်ဝန်သည် အမျိုးသမီးတစ်ဦးအပါအဝင် ပြည်သူလေးဦးကို ဇန်နဝါရီ ၁၂ ရက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်သတ်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့်ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ၎င်းနေရာများသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် အတူပူးပေါင်းကာ လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ထိုသို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်မှုကို ထိခိုက်စေရန်အတွက် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် ရည်ရွယ်ချက်ရှိရှိလုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုဘက်မှ မန္တလေးဘက်သို့ စိုင်းလှရွှေ မောင်းနှင်လာသည့်TOYOTA HIACEမော်တော်ယာဉ်ကိုသတင်းအရရှာဖွေရာယာဉ်ပေါ်မှ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကလေးမြို့နယ်တွင် တပ်မတော်က ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ထိမှန်၍ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်ရင်းမှ လက်နက်ကြီးများဖြင့် ပြည်သူများနေထိုင်ရာ ကျေးရွာများသို့ ပစ်ခတ်လိုက်သောကြောင့် ကလေးမြို့နယ် မြောက်ပိုင်း ကြိုးကြာကွင်းကျေးရွာမှ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး ကျည်ထိမှန်၍သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ KhitThit Media က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁၃ ရက်တွင် တီးတိန်မြို့နယ်အတွင်းရှိ နယ်မြေရဲစခန်းတစ်ခုကို CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက Drone များအသုံးပြု၍ လာရောက်တိုက်ခိုက်စဉ် စခန်းအတွင်း ကျရောက်ခဲ့ခြင်းမရှိဘဲ ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲခြင်းဖြစ်ပြီး တပ်မတော်က ပြည်သူများ နေထိုင်ရာ ကျေးရွာများသို့ လက်နက်ကြီးပစ်ခတ်မှုများ မရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကိုဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# သပိတ်ကျင်းနှင့် နမ့်စန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ


**နေပြည်တော် ဇန်နဝါရီ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ရေထွက်ကျေးရွာရှိ မစောနန်းဌေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မစိုးစိုးဌေး၊ မမာမာ(ခ)ဝါဝါဦးတို့ကိုတွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၇၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နမ့်စန်မြို့နယ် နမ့်မော်ခေါက်ဆင့် ကျေးရွာအနီးတွင် ကျော်ကျော်လင်း(ခ) စိုင်းရွှက်လူ မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ အိုက်စ် နှစ်ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဖောင်းပြင်မြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်




**နေပြည်တော် ဇန်နဝါရီ ၁၄**

ယနေ့ ည ၇ နာရီ ၅၁ မိနစ် စက္ကန့် ၄၀ အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်း (ဖောင်းပြင်မြို့၏ အနောက်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၂၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၃ ဒီဂရီအနက် ၈၁ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး အဝေးပြေးလမ်းပေါ် မြေပြိုကျမှုကြောင့် လူ ၃၃ ဦးသေဆုံး



**ဘိုဂိုတာ ဇန်နဝါရီ ၁၄**

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇန်နဝါရီ ၁၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး အဝေးပြေးလမ်းပေါ် မြေပြိုကျမှု ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၃၃ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက သတင်းထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁၃ ရက် သတင်းများအရ သိရသည်။

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇန်နဝါရီ ၁၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပစိဖိတ်ပြည်နယ်အတွင်း ကွစ်ဒိုမြို့နှင့် မက်ဒက်လင်းမြို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမပေါ် ၌ မြေပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၃၃ ဦးသေဆုံးခဲ့ပြီး လူအများအပြား ကားများအတွင်း ပိတ်မိပျောက်ဆုံးနေကြောင်း ကိုလံဘီယာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည်။

"လက်ရှိရရှိတဲ့သတင်းတွေအရ ဒီအဖြစ်ဆိုးမှာ လူ ၃၃ ယောက် သေဆုံးခဲ့ရတဲ့အတွက် အလွန်ဝမ်းနည်းရပါတယ်။ အခုလက်ရှိမှာတော့ ပိတ်မိနေတဲ့သူတွေကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေပါတယ်"ဟု ကိုလံဘီယာနိုင်ငံ ဒုတိယသမ္မတ Francia Marquez က လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကိုလံဘီယာရဲတပ်ဖွဲ့မှ အထူးကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့်အတူ ကိုလံဘီယာတပ်မတော်မှ စစ်သည်ဦးရေ ၅၀ ခန့်ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်နေရကြောင်း သိရသည်။

အဆိုပါဒေသတွင် ဇန်နဝါရီ ၁၂ ရက် မြေပြိုမှုမဖြစ်မီ ၂၄ နာရီကျော်ကြာ မိုးရွာသွန်းခဲ့မှုကြောင့် ၎င်းမြေပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဝေးပြေးလမ်းကိုလည်း ခေတ္တပိတ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဘြာဇီးနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အခြေအနေသို့ရောက်ရှိ

**ကင်ဘာရာ ဇန်နဝါရီ ၁၄**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပက်သ်မြို့အနီး၌ လောင်ကျွမ်းနေသော တောမီးသည် ဇန်နဝါရီ ၁၃ ရက်တွင် ထိန်းချုပ်ရခက်သည့် အခြေအနေသို့ ရောက်ရှိနေကြောင်း မီးသတ်တပ်ဖွဲ့အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အနောက်ဩစတြေးလျပြည်နယ် ပက်သ်မြို့အနီး၌ ဇန်နဝါရီ ၁၃ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ထိန်းချုပ်ရခက်ခဲသောအခြေအနေသို့ ရောက်ရှိနေသဖြင့် ပက်သ်မြို့နှင့် ၃၇ မိုင် ခန့်သာကွာဝေးသော ရှိုင်းယားဒေသ ချက်တာရင်းမြို့တွင် နေထိုင်သည့်ဒေသခံများအနေဖြင့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ကြရန် ပြည်နယ်မီးသတ်နှင့် အရေးပေါ်ဝန်ဆောင်မှုဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

"လူဦးရေ ၆၀၀၀ လောက် နေထိုင်တဲ့ ကျေးလက်မြို့ဖြစ်တဲ့ ချက်တာရင်းမြို့က ပြည်သူတွေအနေနဲ့ အသက်အန္တရာယ်ကျရောက်နိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက် ဘေးလွတ်ရာကို ချက်ချင်းထွက်ခွာပေးဖို့ လိုအပ်ပါတယ်"ဟု ပြည်နယ် မီးသတ်တပ်ဖွဲ့ အကြီးအကဲဖြစ်သူ ဒါရန်ကလင်က ပြောကြားခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်ခဲ့မှု၊ မိုးခေါင်ရေရှားမှုနှင့် ပြင်းထန်သော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ဩစတြေးလျနိုင်ငံသည် အန္တရာယ်မြင့်မားသော တောမီးလောင်ကျွမ်းမှုအခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း ပြည်နယ်မီးသတ်နှင့် အရေးပေါ်ဝန်ဆောင်မှုဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပက်သ်မြို့နှင့် အနီးတစ်ဝိုက်တွင် ဇန်နဝါရီ ၁၃ ရက်မှစ၍ အပူချိန်မြင့်တက်လျက်ရှိပြီး အမြင့်ဆုံးအပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်ထိရှိကာ မြို့တော်၏ ဇန်နဝါရီလ ပျမ်းမျှ အပူချိန်ထက် ၁၀ ဒီဂရီစင်တီဂရိတ်ခန့်ထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ဟန္နိုင်းမြို့တွင် လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများ အလေးထားဆောင်ရွက်သွားမည်

**ဟနွိုင်း ဇန်နဝါရီ ၁၄**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် လေထုညစ်ညမ်းမှု မြင့်မားလာသည့်အတွက် ဗီယက်နမ်အာဏာပိုင်အဖွဲ့အစည်းက လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သောလုပ်ငန်းများနှင့် လုပ်ဆောင်ချက်များကိုလည်း ကန့်သတ်သွားမည်ဖြစ်ကြောင်း၊ ဟန္နိုင်းမြို့ သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းက လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများကို ဦးဆောင်၍ဆောင်ရွက်သွားမည်ဖြစ်ပြီး ခိုင်မာသည့်မူဝါဒများ ချမှတ်ရေးအတွက်လည်း ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် ကုန်ထုတ်လုပ်မှုအပိုင်းကိုလည်း မူဝါဒများရေးဆွဲကာ ကန့်သတ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်သွားခဲ့သည်။



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကလည်း လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် နည်းပညာများ သုတေသန ပြုလုပ်သွားမည်ဖြစ်သကဲ့သို့ လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် အထောက်အပံ့ဖြစ်စေမည့်နည်းလမ်းများကိုလည်း သုတေသန ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟန္နိုင်းမြို့ လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ကလည်း ကူညီပံ့ပိုးသွားမည်ဖြစ်ပြီး လိုအပ်သောအခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင်လည်း ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ဟန္နိုင်းမြို့ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် ကနဦးဆောင်ရွက်သွားမည်မှာ စိုက်ပျိုးရေးကဏ္ဍမှ အမှိုက်သရိုက်များ၊ ကောက်ရိုး၊ မြက်ခြောက်များ မီးရှို့ခြင်းကို တင်းတင်းကျပ်ကျပ်တားမြစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ပစ်တိုးရီးယားပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်

**ကင်ဘာရာ ဇန်နဝါရီ ၁၄**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် လာမည့်ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးရွာသွန်းမှုသည် ဗစ်တိုးရီးယားပြည်နယ်မှ ကွင်းစလန်းပြည်နယ် မြောက်ဘက်ပိုင်းရှိ ကိပ်ယောက်ခ်ကျွန်းဆွယ်ထိ ဖြစ်ပွားနေပြီး ကော်ရယ်မြစ်ရေပမာဏမြင့်တက်နေကြောင်း၊ ကိပ်ယောက်ခ်ကျွန်းဆွယ်တွင် မိုးရေချိန်မှာ ၁၅၀ မီလီမီတာမှ ၂၀၀ မီလီမီတာထိ မြင့်တက်နေပြီး မြစ်ရေလျှံတက်မှုများမှာ အချိန်တိုအတွင်းဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

"ကွင်းစလန်းပြည်နယ်မှာ နောက်ထပ် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်ပါတယ်။ ဂျပ်စဘာဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေစဉ်မှာ ရေဘေးအန္တရာယ်နဲ့ ထပ်မံရင်ဆိုင်ရမဲ့အရေးဟာ ဒေသခံတွေအတွက် ခက်ခဲမဲ့ အခြေအနေဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ အသိပေးအပ်ပါတယ်"ဟု ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ဗစ်တိုးရီးယားပြည်နယ်တွင်လည်း ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားပြီးဖြစ်သကဲ့သို့ ဧရိယာတချို့ကို ဖြတ်သန်းသွားလာခွင့်ပိတ်ထားကြောင်း၊ ဗစ်တိုးရီးယားပြည်နယ်တွင် မိုးသက်လေပြင်းကျရောက်နေခြင်းဖြစ်ပြီး လာမည့် ၄၈ နာရီအတွင်း ရေကြီးရေလျှံမှု စတင်လာနိုင်ကြောင်း၊ ဗစ်တိုးရီးယားပြည်နယ်တွင် ရေဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်အတွက် ဒေသခံများကို ကြိုတင်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အမေရိကန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအထူးသံတမန် ဂျွန်ကာရီ ရာထူးမှနုတ်ထွက်တော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

အမေရိကန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအထူးသံတမန်ဖြစ်သူ ဂျွန်ကာရီသည် ရာထူးမှနုတ်ထွက်တော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အသက် ၈၀ အရွယ် ဂျွန်ကာရီသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာသံတမန်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများကို အပြောင်းအလဲဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အင်အားကြီးနိုင်ငံများဖြင့်လည်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ထိရောက်သောဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဂျွန်ကာရီသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့၌ ကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ (COP28) တွင် တက်ရောက်လာသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တော်များကြား ဦးဆောင်၍ ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချရေးသဘောတူညီချက်ကို ဆွေးနွေးညှိနှိုင်းပေးနိုင်ခဲ့ပြီး တရုတ်နိုင်ငံနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန်လည်း ညှိနှိုင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ဂျွန်ကာရီသည် သမ္မတအိုဘားမားလက်ထက်တွင် အမေရိကန်နိုင်ငံ၏အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ၂၀၁၅ ခုနှစ် ပဲရစ်ညီလာခံသဘောတူညီချက်ကိုလည်း ဦးဆောင်ဆွေးနွေးနိုင်ခဲ့သူဖြစ်ပြီး အမေရိကန်ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများ၏ အဓိကကျခဲ့သူဖြစ်ကြောင်း သိရသည်။

ဂျွန်ကာရီသည် ဆောင်းရာသီအကုန်တွင် အမေရိကန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအထူးသံတမန်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# အမြစ်သေ သစ်ပင်

မောင်ကြည်လင်(ရွှေတိုးကြာ)



(၁)

ဘိုးကြင်မောင်သည် ကြိုးကြာကွင်းရွာလေးတွင် နေထိုင်သည်။ ရွာထဲသို့သွား၍ အိမ်အမြဲလည်တတ်၏။ ထို့ပြင် အပေါင်းအသင်းလည်း အတော်ခင်တတ်၏။ သူသည်ရုပ်ရှင်ကြည့်ရခြင်းနှင့်ဘုရားသွားကျောင်းတက်ရသည်ကို အလွန်နှစ်သက်သူလည်း ဖြစ်သည်။

အိမ်တွင် သူ့သားနှင့်ချွေးမမှာ သူ့အလုပ်နှင့်သူ ရှုပ်နေကြသဖြင့် ဘိုးကြင်မောင်ကို မည်သူကမျှ အရေးတယူ စကားပြောလေ့မရှိပေ။ ဘိုးကြင်မောင်မှာလည်း စကားတစ်ခါပြောလျှင် သိုင်းဝိုင်းပြီးပြောတတ်သဖြင့် နားထောင်ရသည်မှာ အရှည်ကြီးဖြစ်သောကြောင့် မည်သူကမျှ အချိန်မပေးနိုင်ကြသဖြင့် ဘိုးကြင်မောင်မှာ တစ်ယောက်တည်း ဖြစ်နေတတ်၏။ သို့သော် ဘိုးကြင်မောင်တွင် အလွန်ခင်သော ၃၅ နှစ်အရွယ် ကိုဝေထွန်းဟုခေါ်သော လူတစ်ဦးရှိ၏။ ကိုဝေထွန်းသည် ဆိုင်ကယ်ကယ်ရီဆွဲကာ မိသားစုကိုရှာကျွေးနေသူဖြစ်သည်။ ကိုဝေထွန်းသည်လည်း ဘိုးကြင်မောင်ကို အတော်ခင်တွယ်သည်။ လက်ဖက်ရည်ဆိုင် ထိုင်လည်း အတူတူထိုင်သည်။ ဘိုးကြင်မောင် ဘုရားသွားခြင်း၊ သာရေးနာရေးသွားခြင်း၊ ဆေးခန်းပြခြင်းများကိုလည်း ကိုဝေထွန်းနှင့် အတူတူသွားတတ်သည်။ ထို့ပြင် ကိုဝေထွန်းသည်လည်း သားရေး၊ သမီးရေး၊ သူ့အိမ်တွင်းရေးကအစ ဘိုးကြင်မောင်ကို တိုင်ပင်လေ့ရှိသည်။ ဘိုးကြင်မောင်သည် ကိုဝေထွန်းကို ခင်ရခြင်းမှာလည်း သားသမီးတစ်ယောက်ကဲ့သို့ပင် ဖြစ်သည်။ ဘိုးကြင်မောင်နှင့် ကိုဝေထွန်းတို့ စကားပြောနေကြစဉ် ကိုဝေထွန်းကို ဆိုင်ကယ်ကယ်ရီလာခေါ်သဖြင့် စကားစပြတ်သွားခဲ့လျှင် ကိုဝေထွန်းသည် ခရီးမှပြန်ရောက်သည်နှင့် ဘိုးကြင်မောင်ဆီသို့ ရောက်လာပြီး စကားစကိုပြန်ကောက်ကာ ပြန်ပြောလေ့ရှိတတ်သည်။ သားနှင့်ချွေးမတို့နှင့် စကားပြောချိန်မရရှာသော ဘိုးကြင်မောင်မှာ သူ့စကားကို အရေးတယူလုပ်၍ အလေးထားသဖြင့် ကိုဝေထွန်းကို အားကိုးခင်တွယ်နေရှာသည်။

ကိုဝေထွန်းသည် ဘိုးကြင်မောင် ပေးဖတ်သည့် စာအုပ်များကိုလည်း သေသေချာချာဖတ်သည်။ သူ နားမလည်သည်ကို " ဒီဟာက ဘယ်လိုလဲ ဘာလဲ" စသည်ဖြင့်ပြန်ပြီး ဆွေးနွေးတတ်လေသည်။ သူ့သားဖြစ်သူပင် ဘိုးကြင်မောင်ကို ကိုဝေထွန်းကဲ့သို့ အရေးတယူမလုပ်နိုင်ခဲ့ပေ။ ဘိုးကြင်မောင်တို့ တစ်အိမ်လုံးမှာလည်း ကိုဝေထွန်းနှင့်ဆိုလျှင် ဘိုးကြင်မောင် ဘယ်သွားသွား စိတ်ချလက်ချရှိတတ်ကြလေသည်။

(၂)

ဘိုးကြင်မောင်သည်ရုပ်ရည်အလွန်သန့်၏။ အသက် ၇၀ကျော်ဟုဆိုသော်လည်း ဖျတ်ဖျတ်လတ်လတ်ရှိ၏။ တစ်ခေါင်းလုံးဖြူဖွေးနေသော ဆံပင်များကို သပ်သပ်ရပ်ရပ်ဖြီးထားတတ်ပြီး ရှပ်အင်္ကျီလက်ရှည်ကို အရောင်နုလေးနှင့် ရှေးတုန်းကရုံးအုပ်ကြီး ဟန်ပန်အတိုင်းလည်း သပ်သပ်ရပ်ရပ်နေတတ်သည်။ ဘိုးကြင်မောင်သည် မျက်နှာချိုသည့်အပြင် စကားအရာလည်း ခေတ်မီပွင့်လင်းပြီး အင်္ဂလိပ်စာလည်း တတ်သဖြင့် ဘိုးကြင်မောင်မှာ ကြိုးကြာကွင်းရွာထဲတွင် မျက်နှာအလွန်ပွင့်သည်။ အလှူ၊ သာရေး၊ နာရေးများရှိလျှင် ဘိုးကြင်မောင်ကို ဖိတ်ချင်၊ ခေါ်ချင်၊ ကျွေးချင်၊ မွေးချင်ကြသူမှာ များပြားလှသည်။

(၃)

တစ်နေ့ ဘိုးကြင်မောင်နှင့် သူ့ဓမ္မမိတ်ဆွေများ မော်လမြိုင်သို့ ဘုရားဖူးချင်ကြသည်ဟု ဆိုသောအခါ ချွေးမဖြစ်သူက ကိုဝေထွန်းကို ပို့ပေးခိုင်းလေ၏။ သုံးညအိပ် လေးရက်ခရီးဖြစ်သောကြောင့် အသေအချာ စီစဉ်ပေးလိုက်သော်လည်း ဘိုးကြင်မောင်တို့သည် နှစ်ညနေပြီး နောက်နေ့ညနေတွင် ပြန်ရောက်လာကြသည်။ ထိုခရီးမှ ပြန်လာကတည်းက ဘိုးကြင်မောင်မှာ စကား သိသိသာသာနည်းပြီး အခန်းတွင်း အောင်းနေသည်က များလာသည်။ ထမင်းလည်း ယခင်လိုဟက်ဟက်ပက်ပက်မစားတော့ပေ။ ဆေးလိပ်များ ဖိသောက်နေသဖြင့် ချွေးမက-

"အဖေနော် ဒီတစ်ခါလဲရင် ဆေးရုံတက်ရတော့မှာ" ဟု သတိပေးစကားဆိုသောအခါ ကတောက်ကဆတ်ဖြစ်ကာ စကားများကြလေသည်။ ကိုဝေထွန်း လာလည်သောအခါတွင်လည်း ဘိုးကြင်မောင်က-

" ရေချိုးနေလို့၊ အိပ်နေလို့၊ တရားထိုင်နေလို့"ဟု ပြောခိုင်းကာ ရှောင်နေတတ်လေသည်။ ချွေးမနှင့်သားက-

"အဖေဘာဖြစ်တာလဲ၊ ဘယ်နေရာ နေမကောင်းဘူးလဲ"ဟု မေးသော်လည်း ဘိုးကြင်မောင် မဖြေ။ ဘိုးကြင်မောင်ကို ကြည့်ရသည်မှာ စိတ်ထောင်းကိုယ်ကြေဖြစ်နေမှန်း အလွန်သိသာပြီး ရက်ပိုင်းအတွင်း သိသာစွာ အိုစာလာလေသည်။

(၄)

တစ်နေ့တွင် "အဖေ့ကို နားအေးပါးအေး သွားနေလို့ရမဲ့ တစ်နေရာရာလောက် စီစဉ်ပေးပါ" ဟု ဆိုသဖြင့် ချွေးမက ဘိုးကြင်မောင်ကို ဘိုးကြင်မောင် ဇာတိရွာရှိ ဘုန်းကြီးကျောင်းသို့ ပို့လိုက်၏။ ရွာနှင့် မနီးမဝေး တောအတွင်းဘက်နားတွင် ဘုရားကြီးတစ်ဆူဘေး၌ ဆရာတော်တစ်ပါးတည်းသီတင်းသုံးသော ကျောင်းဖြစ်သောကြောင့် ဆွမ်းကွမ်းမပူရပေ။ ထိုရွာသို့သွားရန် ကိုဝေထွန်းကို လိုက်ပို့ရန် ချွေးမဖြစ်သူက ခေါ်ပေးသောအခါ-

"အဖေ့ကို လမ်းစရိတ်ပဲ ပေးလိုက်ပါ"ဟု ဘိုးကြင်မောင် ပြော၏။

ချွေးမကလည်း စိတ်မချသောကြောင့် ဘိုးကြင်မောင်ကို အခြားကားငှားပေးလိုက်ပြီး စားစရာ၊ သောက်စရာ၊ လှူစရာ၊ တန်းစရာ တစ်ပုံတစ်ပင်နှင့် ရွာကိုပို့ပေးလိုက်၏။ ဘိုးကြင်မောင် အိမ်မှထွက်သွားသည်နှင့် ချွေးမဖြစ်သူသည် ကိုဝေထွန်းကို ခေါ်ပြီး-

"အဖေနဲ့ ဘာဖြစ်ကြတာလဲ" ဟု တည့်တည့်မေးသည်။ ကိုဝေထွန်းက-

"ဘုရားဖူးခရီးမှာ ကျွန်တော့်ကို စိတ်ဆိုးသွားတာပါ"ဟု ဆိုသော်လည်း ကိုဝေထွန်း၏ မျက်လုံးများက ဂနာမငြိမ် ဖြစ်နေ၏။ ဘိုးကြင်မောင် ချွေးမဖြစ်သူမှာ အသေးစိတ်မမေးဘဲ ရယ်ရယ်မောမောနှင့်-

"အဖေက အဲလိုပဲ စိတ်ကောက်တတ်တယ်။ စိတ်ထဲမထားပါနဲ့။ ပြန်လာရင် စိတ်ပြေသွားမှာပါ"ဟု စိတ်သက်သာရာရအောင်ပြောပြီး ကိုဝေထွန်းကို ပြန်လွှတ်လိုက်လေသည်။ ညနေခင်းရောက်သောအခါ ဘိုးကြင်မောင်ချွေးမသည် ဘိုးကြင်မောင်နှင့် မော်လမြိုင် အတူသွားခဲ့ကြသူများဆီ ဖုန်းဆက်မေးကြည့်သော်လည်း မည်သူကမျှ တိတိကျကျအဖြေမပေးနိုင်ကြပေ။

"မော်လမြိုင်တွင် ဘုရားဖူးပြီး နောက်တစ်နေ့မနက်မှာ ကျိုက္ကမီစက်စဲကို သွားကြမယ်"ဟု စီစဉ်ထားသော်လည်း ဘိုးကြင်မောင်က နေမကောင်းဘူး ဟု ပြောကာ အိပ်ခန်းထဲမှ ထွက်မလာသောကြောင့် ယခင်ညတွင် သူနှင့်တစ်ခန်းတည်းအိပ်သော ကိုဝေထွန်းသည်ပင် ကျန်သောသူများနှင့် လာပြီးအိပ်ခဲ့ရကြောင်း၊ နောက်တစ်နေ့ နံနက်ကျ ချက်ချင်းအိမ်ပြန်မည်ဟုပြော၍ ပြန်ဆင်းလာကြောင်းကိုပဲ ပြောပြကြလေသည်။

ထို့နောက် ချွေးမဖြစ်သူက ဘိုးကြင်မောင်ထံသို့ ဖုန်းဆက်ပြီးမေးသော်လည်း ဘိုးကြင်မောင်က မဖြေခဲ့ပေ။"သူ့သားကို ဘာမှမပြောပါနဲ့"ဟုချွေးမကို မှာသည်။

"အဖေဖြစ်စေချင်တာကိုပြောပါ သမီး အကုန်လုပ်ပေးမယ်။ ဘာမဆိုဖြစ်စေရပ့ါမယ်"ဟု ချွေးမဖြစ်သူကပြောသောအခါ ဘိုးကြင်မောင်ငိုသည်။ သို့သော် မည်သည့်အဖြေကိုမျှ မဖြေဘဲ ငြိမ်သက်နေခဲ့၏။

(၅)

ဘိုးကြင်မောင် ဘုန်းကြီးကျောင်းမှ ရုတ်တရက် ပျောက်သွားသည့်အကြောင်း ရွာကဆရာတော့် ဒါယကာတစ်ယောက်က ဖုန်းဆက်သောကြောင့် ဘိုးကြင်မောင်၏ သားနှင့် ချွေးမဖြစ်သူသည် ရွာသို့ လိုက်သွားကြလေသည်။ ဘိုးကြင်မောင်၏ ခေါင်းအုံးအောက်မှ ရလာသည့်စာတစ်စောင်ကိုဖတ်ပြီးနောက် သားနှင့် ချွေးမသည် ရန်ကုန်ကိုချက်ချင်းပြန်၏။ ထို့နောက် ရဲစခန်းတွင် တိုင်ချက်ဖွင့်ပြီး ကိုဝေထွန်းကို ဖမ်းလိုက်ကြသည်။ ဖမ်းရသည့်အကြောင်းအရာက မယုံနိုင်စရာဖြစ်နေသည်။ စာထဲတွင် ကိုဝေထွန်းသည် ဘိုးကြင်မောင်ထံ အနုနည်းဖြင့် ငွေညှစ်ယူနေသည်မှာ တစ်နှစ်ခန့်ရှိခဲ့လေပြီ။ မော်လမြိုင်ခရီးစဉ်တွင် လည်း ဘိုးကြင်မောင်ကို အပျော်မယ်များရှိရာသို့ ခေါ်ဆောင်သွားသည်။ ဘိုးကြင်မောင်က ငြင်းဆန်သော်လည်းမရ။ အိပ်ခန်းအတွင်း ဖြစ်ပျက်သမျှ ကိုဝေထွန်းက ဓာတ်ပုံရိုက်ယူကာ ခရီးကပြန်ရောက်သောအခါ ဘိုးကြင်မောင်ပိုင်သော အိမ်နှင့်ခြံစာချုပ်ကို တောင်းလာသဖြင့် မလွန်ဆန်နိုင်သောကြောင့် စိတ်ထိခိုက်နေရကြောင်း ရေးသားထားသည်။

(၆)

ကြားရသည့်သတင်းကို မည်သူမျှမယုံနိုင်ကြပေ။ ကိုဝေထွန်း၏ မိသားစုကလည်း မယုံနိုင်ခဲ့ပေ။ ကိုဝေထွန်းကို ရဲများလာဖမ်းချိန်မှာ ရွာထဲတွင် ကိုဝေထွန်း၏ ဆွေမျိုးများနှင့် ဘိုးကြင်မောင်တို့ မိသားစုမှာ တုတ်တပြက်ဓားတပြက် ဖြစ်လုနီးပါး အခြေအနေသို့ ရောက်လျက် တင်းမာကုန်ကြ၏။ သို့သော် ဘိုးကြင်မောင်သည် ကိုဝေထွန်းကို စွပ်စွဲပြောဆိုသည်ဟုလည်း မည်သူကမျှ မပြောရဲကြပေ။ အဘယ်ကြောင့်ဆိုသော် ဘိုးကြင်မောင်သည် ကိုဝေထွန်းငွေညှစ်ယူသည့်အခါတိုင်း တစ်ယောက်နှင့်တစ်ယောက် အချေအတင် စကားများကြသည်ကို ဖုန်းဖြင့်အသံဖမ်းယူထားပြီး သေသေချာချာ သိမ်းဆည်းထားခဲ့သည့်အတွက် သက်သေအခိုင်အမာရှိနေခဲ့လေ၏။ ထိုအခြေအနေတွင်းမှာပင် ဘိုးကြင်မောင်၏ ချွေးမဆီသို့ ဖုန်းဝင်လာသည်။

"ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ အဘိုးကြီးရဲ့ ကိုယ်ပေါ်မှာ ဆက်သွယ်ရမဲ့ဖုန်းနံပါတ်တွေလို့ ဆက်သွယ်ပေးတာပါ" ဟူသောစကားကြောင့် ချွေးမဖြစ်သူမှာ ရုတ်တရက် ငြိမ်သက်သွားသည်။ ဘိုးကြင်မောင်မှာ ကွယ်လွန်သွားသည့် သူ့ဇနီးကို မြှုပ်ထားသော သုသာန်ကဇရပ်မှာ သူ့ကိုယ်သူ ကြိုးဆွဲချပြီး သတ်သေသွားခဲ့သည်။ ဘိုးကြင်မောင်၏ သားသည် စိတ်မတင်းနိုင်လောက်အောင် ဟီးချပြီး ထိုင်ငိုလိုက်သဖြင့် မြင်သူတိုင်း စုတ်တသပ်သပ်ဖြစ်နေကြသည်။ ထို့နောက် မေ့လဲသွားသဖြင့် ဆေးရုံတင်လိုက်ရသည်။ ဘိုးကြင်မောင်၏ ချွေးမသည် တည်တည်ငြိမ်ငြိမ်နှင့် လုပ်စရာရှိသည်များကို လုပ်ပေးသွား၏။ ဘိုးကြင်မောင်သည် သူ့အိတ်ကပ်ထဲတွင်-

"ဒီဘဝမှာတော့ ဒီကိစ္စကြီးကို ဖွင့်မပြောဘဲနဲ့ မနေနိုင်သလို ဖွင့်ထုတ်ပြီးရင်လဲ သားသမီးတွေရဲ့ ဂရုစိုက်တာ မခံရသူ၊ အလေးထားဆက်ဆံတာ မခံရသူဖြစ်တဲ့၊ အိုရင်ပစ်ပယ်ခံရတဲ့ အိုပယ်တွေရဲ့ဘဝမှာ မိမိအပေါ် အလေးထားဆက်ဆံကြတဲ့ သူစိမ်းတွေနဲ့ တွေ့တဲ့အခါ အားကိုးမိကြတယ်။ ယုံကြည်တတ်ကြတယ်။ ဒါကြောင့် အဖေလို ယုံကြည်မှုမလွန်ကဲစေဘဲ သားအသက်ကြီးလာတဲ့အခါ အိုပယ်မဖြစ်ပါစေနဲ့"ဟု သူ့သားအတွက် ရေးသားထားခဲ့၏။

နုနယ်သော ပန်းပွင့်လေးများမဟုတ်သော်လည်း ဖွင့်မပြောပြနိုင်သည့် ဝေဒနာများကို လူမသိသူမသိ ခံစားနေရသော သစ်ပင်အိုများ ပတ်ဝန်းကျင်မှာ မည်မျှရှိနေကြသည်ကိုတော့ ကျွန်တော်တို့မသိနိုင်ပေ။

**လင်းလက်**

# ဗလငါးတန် ပြည့်အားမာန် အမှန်မြင့်ကြစာရိတ္တ

> **❖ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့်ကာလတွင် လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားလေ့လာဆောင်ရွက်ကြရမည်ဖြစ်သည်။ လူ့အသိုက်အဝန်းအတွင်း ကျင်လည်နေထိုင်ကြရာတွင် စာရိတ္တဗလသည် အရေးကြီးသည်။ အကျင့်စာရိတ္တကိုယ်ကျင့်သီလ မကောင်းသူကို မိတ်ဆွေအပေါင်းအသင်းများကလည်း ဖယ်ကြဉ်သွားမည်ဖြစ်ပြီး မည်မျှပင် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာစေကာမူ လူ့အသိုက်အဝန်းအတွင်း ဝင်ဆံ့ရန်မဖြစ်နိုင်ပေ။ ❖**

"စာရိတ္တ" ဆိုသည့်စကားရပ်သည် ပါဠိဘာသာစကားဖြစ်ပြီး မြန်မာဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြည့်မည်ဆိုပါက "ကိုယ်ကျင့်တရား၊အကျင့်"ဟု အဓိပ္ပာယ်ရသည်။ လူတို့၏ပြုမူပြောဆိုလုပ်ကိုင်လေ့ရှိသည့် အမူအကျင့်၊ အလေ့အထ၊ အလေ့အကျင့်၊ အတွေးအခေါ်၊ အပြုအမူ၊ အပြောအဆိုတို့သည် စာရိတ္တ၏သွင်ပြင်လက္ခဏာများပင်ဖြစ်သည်။ ကောင်းမွန်သည့်အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်၊ အမူအကျင့်ရှိသူများကို "သုစာရိတ္တ"ရှိသူများဟုခေါ်ဆိုပြီး ဆန့်ကျင်ဘက်မကောင်းသည့်အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်၊ အမူအကျင့်ရှိသူများကို"ဒုစာရိတ္တ" ရှိသူများဟုခေါ်ဆိုသည်။ စာရိတ္တဆိုသည့်အရာသည် လူ့ဘဝ၏ပဲ့ကိုင်ရှင်ပင်ဖြစ်သည်။ ကောင်းမွန်သည့်အကျင့်စရိုက်ရှိသူတစ်ဦး၏လုပ်ရပ်များသည် ကောင်းမှု "သုစရိုက်" (၁၀) ပါးသို့သာ ဦးတည်ပြီး စာရိတ္တပျက်ယွင်း၍ မကောင်းသည့်အကျင့်စရိုက်ရှိသူတစ်ဦး၏လုပ်ရပ်များသည် မကောင်းမှု "ဒုစရိုက်" (၁၀) ပါးသို့သာ ဦးတည်မည်ဖြစ်သည်။

လူများ၏ပင်ကိုစရိုက်လက္ခဏာဖြစ်သည့်အကျင့်စာရိတ္တကို ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ပေးရာတွင် အရာရာကို လက်ခံမှတ်ယူလေ့ကျင့်သင်ကြားနေပြီး လိုရာသို့လွယ်ကူစွာပုံသွင်းနိုင်သည့် နုနယ်ပျိုမျစ်သည့်ငယ်ရွယ်စဉ်အချိန်၌ လေ့ကျင့်သင်ကြားပေးမည်ဆိုပါက ပိုမိုထိရောက်နိုင်မည်ဖြစ်သည်။ ကျောင်းနေစဉ်အရွယ်တွင် ပြည်သူ့နီတိ၊ လောကနီတိ၊ ဥစ္စာ ဖြာမင်္ဂလာတရားတော်များ စသည့်အကျင့်စာရိတ္တကောင်းမွန်စေရေး ဦးတည်သည့်လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ပေးသင့်သည်။ သို့မှသာ လူလားမြောက်အရွယ်ရောက်၍ နိုင်ငံတော်နှင့် ပြည်သူတို့၏တာဝန်အရပ်ရပ်ကို ပခုံး ပြောင်းတာဝန်ထမ်းဆောင်သည့်အခါတွင် ကိုယ်ကျိုးကိုမကြည့်ဘဲ အများအကျိုးကိုသာဦးတည်သည့် ဖြောင့်မတ်တည်ကြည်သောလုပ်ရပ်များကို လုပ်ဆောင်ကာ နိုင်ငံတော်နှင့်ပြည်သူတို့၏အနာဂတ်ကို ရွှေရောင်လွှမ်းစေနိုင်မည်ဖြစ်သည်။

အကျင့်စာရိတ္တကောင်းမွန်သူတစ်ဦးသည် ဟိရိဩတ္တပ္ပတရားကို လက်ကိုင်ထားကာ မကောင်းမှုပြုရန်ဝန်လေးတတ်ပြီး မိမိ၏ပြော၊ ပြု၊ တွေးကြံမှုမှန်သမျှကို မှန်ကန်တည့်မတ်စွာဆောင်ရွက်တတ်သဖြင့် ကိုယ်ဖြင့်ပြုအပ်သော ကာယကံဒုစရိုက်သုံးပါး၊ နှုတ်ဖြင့်ပြောဆိုကျူးလွန်အပ်သော ဝစီကံဒုစရိုက်လေးပါးနှင့် စိတ်ဖြင့် တွေးကြံအပ်သော မနောကံဒုစရိုက်သုံးပါးတို့ကို ကျူးလွန်လိမ့်မည်မဟုတ်ပေ။ အနာဂတ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးရာတွင် စာရိတ္တဆိုသည့်အခြေခံစိတ်ဓာတ်ကောင်းမွန်ရေးသည် အရေးကြီးသဖြင့် "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ထားကာ "စာရိတ္တနှင့် ပြည်သူ့နီတိ" သင်ခန်းစာများကို အခြေခံပညာကျောင်းများတွင် လေ့ကျင့်သင်ကြားပို့ချပေးနေခြင်းပင်ဖြစ်သည်။ နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်းခံစားရရှိရေး အလေးပေးဆောင်ရွက်ရာတွင် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော၊ အသိဉာဏ်ရှိသော၊ စာရိတ္တကောင်းမွန်သော၊ ဗလငါးတန်ပြည့်စုံသောနိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကိုပါ တစ်ပြိုင်တည်းလေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်သည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ယဉ်ကျေးလိမ္မာသော၊ ရိုးသားသော၊ ဖြောင့်မတ်တည်ကြည်သော၊ ဖြူစင်မှန်မြတ်သော၊ ကျင့်ဝတ်လိုက်နာသော၊ နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးသော စသည့်အကျင့်စရိုက်များကို ရင်တွင်းကိန်းအောင်း၍ လူလားမြောက်အရွယ်ရောက်လာသည့်အခါ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ကာ စာရိတ္တဗလပြည့်စုံသည့်မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးအတွက် အခြေခံပညာကျောင်းများကစ၍ လေ့ကျင့်သင်ကြားပေးနေခြင်းသည် အားတက်ဖွယ်ပင်ဖြစ်သည်။ "ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေးဘက်စုံပညာရေး" ဆိုသည့်ဘက်စုံပညာရေးဆောင်ပုဒ်ကိုလက်ကိုင်ထားကာ စာရိတ္တကောင်းမွန်သည့် ကျောင်းသားလူငယ်များဖြစ်လာစေရေးအတွက် ဆရာ၊ဆရာမများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရမည်ဖြစ်သည်။

"လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ" ဆိုသည့်ဆိုရိုးစကားနှင့်အညီ အကျင့်စာရိတ္တကောင်းမွန်ပြီး ကျင့်ဝတ်လိုက်နာသောလူငယ်မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ရေးကြိုးစားဆောင်ရွက်ကြရာတွင် ငယ်ရွယ်စဉ်ကပြုစုပျိုးထောင် လမ်းပြပေးကြသည့် မိဘ၊ ဆရာသမားများ၏ပဲ့ပြင်ဆုံးမမှုသည် အလွန်အရေးကြီးသည်။ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသောနိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးနေသည့်အချိန်တွင် လူငယ်မျိုးဆက်သစ်များအနေဖြင့် အလိုက်သင့်လိုက်ပါစီးမျောကာ အသိပညာ၊ အတတ်ပညာများကို ရှာဖွေဆည်းပူးရင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူအကျိုးကို ကိုယ်ကျိုးမဖက် အများအကျိုးအတွက်ပေးဆပ်လိုသည့်စိတ်ဓာတ်ဖြင့် ကြိုးစားဆောင်ရွက်ကြရန်သာဖြစ်သည်။

အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့်ကာလတွင် လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားလေ့လာဆောင်ရွက်ကြရမည်ဖြစ်သည်။ လူ့အသိုက်အဝန်းအတွင်း ကျင်လည်နေထိုင်ကြရာတွင် စာရိတ္တဗလသည် အရေးကြီးသည်။ အကျင့်စာရိတ္တ ကိုယ်ကျင့်သီလမကောင်းသူကို မိတ်ဆွေအပေါင်းအသင်းများကလည်း ဖယ်ကြဉ်သွားမည်ဖြစ်ပြီး မည်မျှပင် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာစေကာမူ လူ့အသိုက်အဝန်းအတွင်း ဝင်ဆံ့ရန်မဖြစ်နိုင်ပေ။ အကျင့်စာရိတ္တပျက်ယွင်းနေသူတစ်ဦးသည် အများအကျိုးနှင့်ကိုယ်ကျိုးကြား ပိုင်းခြားဝေဖန်နိုင်စွမ်းမရှိတော့သကဲ့သို့ ကောင်းမှု၊ မကောင်းမှုကို ခွဲခြားနိုင်စွမ်းကင်းကာ တစ်ကိုယ်ကောင်းစိတ်ဓာတ်ဖြင့် ပြုမူ၊ ပြောဆို၊ လုပ်ကိုင် ဆောင်ရွက်တတ်လာကြသည်။ ကိုယ်ကျင့်သီလ ပျက်ယွင်းမှုမှသည် မကောင်းမှုဒုစရိုက်များကိုကျူးလွန်လာပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးစသည့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအရာများကို ဆုတ်ယုတ်စေပြီး နိုင်ငံတော်နှင့် ပြည်သူလူထု၏ ပုံရိပ်ကိုထိခိုက်စေမည့် အဂတိလိုက်စားမှုများကိုပါ ကျူးလွန်ကာ မိမိနှင့်မိမိပတ်ဝန်းကျင်ကို ကိုယ်တိုင်ဖျက်ဆီးကြသူများဖြစ်လာနိုင်သဖြင့် သတိပြုဆင်ခြင်သင့်သည်။

လူတစ်ဦး၏အကျင့်စာရိတ္တပျက်စီး၍ လုပ်ဆောင်မိသည့်လုပ်ဆောင်ချက်များသည် ထိုသူ၏ဘဝတက်လမ်းကို ပိတ်ပင်တားဆီးစေနိုင်သကဲ့သို့ တစ်ဖက်တွင်လည်း ထိုသူရှင်သန်နေထိုင်ရာ လူမှုပတ်ဝန်းကျင်ကိုပါ ထိခိုက်စေနိုင်သည်။ နိုင်ငံတော်နှင့်လူမျိုး၏အကျိုးစီးပွားထိခိုက်မည်ကို မစဉ်းစားမဆင်ခြင်နိုင်ဘဲ လူ့ကျင့်ဝတ်ချိုးဖောက်ကာ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမိသူတစ်ဦး၏ အကျင့်စာရိတ္တပျက်ယွင်းသောလုပ်ရပ်သည် နိုင်ငံ၏အနာဂတ်လူငယ်မျိုးဆက်သစ်များ၏ဘဝကိုပျက်စီးစေသည်။ ကိုယ်ကျင့်တရားပျက်ယွင်းသူတစ်ဦး၏ မသမာသောအသက်မွေးဝမ်းကျောင်းပြုမှုကြောင့် ထိခိုက်နစ်နာမှုများသည် မတွေးဝံ့စရာပင်ဖြစ်သည်။ အကျင့်စာရိတ္တပျက်စီးယိုယွင်းမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေနိုင်သဖြင့် အကျင့်စာရိတ္တကောင်းမွန်သော၊ ကိုယ်ကျင့်သီလပြည့်စုံသောလူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရေးကြိုးစားဆောင်ရွက်ခြင်းဖြင့်သာ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်ကို လှပဝေဆာအောင်ပုံဖော်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည်။ ထို့အတူပင် လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ပျော်ရွှင်ချမ်းသာသောဘဝတစ်ခုကို ရယူပိုင်ဆိုင်နိုင်ရေးအတွက် ဥစ္စာပစ္စည်းကြွယ်ဝရေးသည် အရေးကြီးသဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်ကိုလုပ်ကိုင်ကြရသည်။ ဘဝပေးအခြေအနေအရ မည်သည့်အလုပ်အကိုင်ဖြင့် အသက်မွေးရစေကာမူ အလုပ်အပေါ်တွင် သစ္စာရှိရန်လိုအပ်သကဲ့သို့ လုပ်ငန်းခွင်အတွင်း ချမှတ်ထားသည့်ကျင့်ဝတ်များ၊ စည်းကမ်းများကိုလိုက်နာကာ ကိုယ်ကျိုးစီးပွားရှာဖွေစဉ်တွင် အများအကျိုးကိုထိခိုက်စေမည့်လုပ်ရပ်များ မလုပ်မိစေရန် ဆင်ခြင်သင့်သည်။ ကျင့်ဝတ်၊စည်းကမ်းများကိုဖောက်ဖျက်ကာ ကိုယ်ကျိုးရှာသည့်မကောင်းသောအကျင့်စရိုက်များ များပြားလာသည့်အခါ အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းကင်းမဲ့လာကာ အဂတိလိုက်စားမှုဆိုသည့်ကိုယ်ကျင့်သီလပျက်ယွင်းသောလုပ်ရပ်များကိုကျူးလွန်လာတတ်ကြသဖြင့် သတိပြုဆင်ခြင်ကြရန်လိုအပ်ပါသည်။

ဖြောင့်မတ်တည်ကြည်မှုကင်းမဲ့သော၊ မျှတမှုမရှိသော၊ အဂတိလိုက်စားမှုများတည်ရှိနေသော လူမှုပတ်ဝန်းကျင်တွင် ရှင်သန်နေထိုင်လိုသည့်သူ မရှိသကဲ့သို့ ထိုသို့ဖြစ်စေရန်ပြုမူဆောင်ရွက်တတ်သောသူများကိုလည်း လူမှုပတ်ဝန်းကျင်က လက်သင့်ခံလိမ့်မည်မဟုတ်ပေ။ အကျင့်စာရိတ္တပျက်စီးယိုယွင်းသူတစ်ဦး၏ မကောင်းသည့်လုပ်ရပ်ဖြင့် ကြွယ်ဝချမ်းသာလာစေရေး ဆောင်ရွက်မိသည့်လုပ်ရပ်သည် နိုင်ငံတော်၏ပုံရိပ်ကိုပါ ထိခိုက်စေနိုင်သည်။ ကိုယ်ကျင့်သိက္ခာကိုတန်ဖိုးထားမှုများ အားနည်းလာသည့်အခါ ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကိုပါ လိုက်နာရန် ပျက်ကွက်လာကြပြီး တရားဥပဒေစိုးမိုးမှုလျော့နည်းလာသကဲ့သို့ဖြစ်လာသည်။ ထိုကဲ့သို့သော အခြေအနေဆိုးများတည်ရှိနေသည့်နိုင်ငံတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံရန် စဉ်းစားမည်မဟုတ်ပေ။ ကိုယ်ကျင့်စာရိတ္တအားနည်းသူများ၏ လုပ်ရပ်သည် နိုင်ငံတော်၏ပုံရိပ်ကို ကျဆင်းစေသည်သာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါနှောင့်နှေးစေသဖြင့် မျိုးဆက်သစ်လူငယ်များ၏ရင်တွင်းတွင် ကျင့်ဝတ်တရားများကို အလေးထားကာ နိုင်ငံနှင့်လူမျိုးအကျိုးကို အစဉ်သယ်ပိုးသူများဖြစ်စေရေး ကြိုးစားဆောင်ရွက်သင့်သည်။

အိမ်၌ယဉ်ကျေးခြင်း၊ ကျောင်း၌ယဉ်ကျေးခြင်း စသည့်ယဉ်ကျေးလိမ္မာသင်ခန်းစာများ၊ ဥစ္စဖြာမင်္ဂလာတရားတော်များ၊ နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်စေရေး လေ့ကျင့်သင်ကြားပေးမည့် ပြည်သူ့နီတိသင်ခန်းစာများ၊ လူ့ကျင့်ဝတ်စည်းကမ်းများကို လိုက်နာစေရေး လေ့ကျင့်သင်ကြားပေးမည့် လောကနီတိသင်ခန်းစာများ၊ ဘာသာရေးအဆုံးအမများ၊ မိဘ၊ ဆရာသမားများ၏ အဆုံးအမများဖြင့် ကြီးပြင်းလာရသည့် လူငယ်လူရွယ်များသည် ကိုယ်ကျင့်သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ဝတ်ဆင်ထားကြသူများဖြစ်သည်။ ကာယဗလ (စိတ်ရော ကိုယ်ပါ ကျန်းမာကြံ့ခိုင်ခြင်း)၊ ဉာဏဗလ (အသိဉာဏ်ပညာပြည့်စုံခြင်း)၊ ဘောဂဗလ(မှန်မြတ်သောအသက် မွေးမှုဖြင့်ပစ္စည်းဥစ္စာရှာဖွေနိုင်ခြင်း)၊ စာရိတ္တဗလ (အကျင့်စရိုက်နှင့် ကိုယ်ကျင့်သီလကောင်းမွန်ခြင်း)၊ မိတ္တဗလ (အဆွေခင်ပွန်းပေါများခြင်း)ဟူသည့် ဗလငါးတန်ပြည့်စုံသည့်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရကလည်း အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကိုယ်ကျင့်သိက္ခာဖြောင့်မတ်မှန်ကန်ပြီး ဖြောင့်မတ်တည်ကြည်မှုကို အလေးထားသောစာရိတ္တဗလပြည့်စုံပြီးဖြစ်သူများသည် မကောင်းမှုမှန်သမျှကိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်တတ်ပြီး မိမိ၊ သူတစ်ပါးနှစ်ဦးစလုံးအတွက် အကျိုးရှိစေသည့်မြတ်သော အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်များကိုသာ ဆောင်ရွက်ကြသည်ဖြစ်သဖြင့် လူငယ်လူရွယ်များအနေဖြင့် စာရိတ္တကောင်းမွန်အောင် ကြိုးစားဆောင်ရွက်သင့်ပေသည်။ မိမိ၏ဘဝရှေ့ရေးအတွက် ပညာသင်ကြားနေသည့်အရွယ်တွင် ပညာကိုအပတ်တကုတ်ကြိုးစားအားထုတ်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဆိုသည်နှင့်အညီ စိတ်ဓာတ်ကောင်းသော၊ စာရိတ္တကောင်းသော၊ စည်းကမ်းလိုက်နာသောလူငယ်များအဖြစ် ကြိုးစားခြင်းဖြင့် ပညာပြည့်ဝနှလုံးရည်လှသည့် လူငယ်မျိုးဆက်သစ်များဖြင့် လှပသာယာသောဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်နိုင်ကြမည်ဖြစ်သဖြင့် မိဘ၊ ဆရာ၊ ကျောင်းသား ဟန်ချက်ညီညီလက်တွဲကြိုးစားသင့်ပေသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၁၆၃၇ ဧက စိုက်ပျိုးပြီးစီး



**အိမ်မဲ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၁၆၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၂၈၇၁ ဧက ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ငရုတ်သီးနှံများ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးတဲ့ရာသီမှာ အိမ်မဲမြို့နယ်အနေနဲ့ ငရုတ်သီးနှံ ၂၈၇၁ ဧကထိ လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်တွေပဲ စိုက်ပျိုးနေပါတယ်။ ဒီနေ့ထိ ၁၆၃၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ ငရုတ်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ ငရုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင် စိုက်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေပေါင်းစပ်လုပ်ဆောင်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ငရုတ်စိုက်တောင်သူများသည် ငရုတ်သီးနှံကို ဆောင်းကာလနှင့် နွေကာလတွင် ပိုမိုစိုက်ပျိုးပြီး ယခုနှစ် ငရုတ်များ ပိုးမွှားအန္တရာယ် မကျရောက်စေရေး၊ အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေး ကောင်းစေရေး စသည့် လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းလားမြို့နယ် ဝမ်ခမ်းလုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းလား ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာပင်းကျေးရွာအုပ်စု ဝမ်ခမ်းလုံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီ၊ ဒုတိယဦးစီးမှူး ဒေါ်ဇာဇာရဲမောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဝမ်ခမ်းလုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဝမ်ခမ်းလုံကျေးရွာတွင် အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၃၆၂၂ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၂၁ ဒသမ ၃၆၂၂ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် ကျေးရွာရှိကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# အမူအချဲ့မှာ မူအကွဲဆင်တဲ့ မြိုင်

မောင်သင်းထုံ(ကျောက်မဲ)



မြခြေကျင်းမငွေမြိုင်

'မြိုင်'ဆိုတာ မြခြေကျင်းမငွေမြိုင်ကို ပြောတာပါ။ မန္တလေးမှာတော့ ဆရာပုတို့၊ မထွေးလေးတို့နာမည်ကျော်သလို မငွေမြိုင်ကလဲ နာမည်ကျော်သူပါပဲ။ မငွေမြိုင်ကို ယောက်ျားတွေက စွဲလမ်းကြပါတယ်။ မငွေမြိုင်နောက်ကို သူ့လို စွဲလမ်းစရာကောင်းတဲ့ မင်းသမီးမျိုးပေါ်လာတယ်လို့ မကြားမိပါဘူး။

မငွေမြိုင်ကို ရှုးအောင်ကြိုက်ခဲ့သူတွေ၊ စွဲလမ်းခဲ့သူတွေ ဒုနဲ့ဒေးရှိပါတယ်။ ဒီနေ့ည မငွေမြိုင်ဘယ်မှာပွဲကမှာလဲ၊ မငွေမြိုင်ကရာနောက် တကောက်ကောက်လိုက်ကြသူတွေလဲ အများကြီးပဲတဲ့။ မငွေမြိုင်ဆိုတာကလဲ မကြည့်ဖူးရင်သာနေရော၊ ကြည့်ဖူးလို့ကတော့ စွဲလမ်းသွားကြမှာ သေချာပါတယ်။

လူတွေက အဲဒီလို မငွေမြိုင်ကို စွဲလမ်းကြပေမဲ့ မငွေမြိုင်ဆိုတာက အချောအလှကြီးမဟုတ်ပါဘူး။ မငွေမြိုင်မှာက မွေးရာကပါတဲ့ ပင်ကို'ကြာ'ရှိတယ်။ အဲဒီကြာနဲ့အမူအရာကို ယောက်ျားတွေက စွဲမက်ကြတာပါ။ ဒါပေမဲ့ မငွေမြိုင်ကတော့ ကြာနဲ့စားတဲ့မင်းသမီးမဟုတ်ပါဘူး။ ကြာသာရှိပြီး သဘင်ပညာမရှိရင် လူတွေက ဘယ်ကလာစွဲလမ်းကြပါ့မလဲ။ သဘင်ပညာပြည့်ဝလို့သာပေါ့။ မငွေမြိုင်ဆိုတာ အငြိမ့်သာကတာ ဇာတ်ခုံပေါ်ကဆင်းတာနဲ့ ဣန္ဒြေသိက္ခာနဲ့နေတယ်။ ယောက်ျားတွေနဲ့မရှုပ်ဘူး။ သူကိုယ်တိုင်ကတောင်မှ သဘင်ပညာသည်တွေ မွေးထုတ်ပေးခဲ့တဲ့ သဘင်မိခင်ကြီးပါ။

မငွေမြိုင်ဆိုတာက ဇာတ်သဘင်ပညာမှာ တကယ်ပြည့်သူ၊ အဆိုအကကောင်းသူပါ။ ဇာတ်ကိုဦးဆောင်တဲ့ မင်းသမီးပါ။ ဒါပေမဲ့ မငွေမြိုင်မှာက မင်းသမီးတစ်လက်အနေနဲ့ အမူအရာတွေက သူမတူအောင်ကောင်းလွန်းတော့ အခြားသူ့ပညာအရည်အချင်းတွေကို အမူအရာတွေက လွှမ်းကုန်တော့ ပွဲကြည့်တဲ့ ယောက်ျားပရိသတ်တွေ ရူးရူးမူးမူးစွဲလမ်းကြတာပါ။ မငွေမြိုင်ကိုစွဲလမ်းကြပုံတွေ ပြောပါအုံးမယ်။ မငွေမြိုင် ပခုက္ကူမြို့မှာ ကတော့ အထက်တန်းကျောင်းသားတွေဆိုတာ တစ်လလုံးကတဲ့ပွဲ ညတိုင်းကြည့်ကြတော့ ကြာတဲ့အခါ ကျောင်းသားတွေက ကျောင်းပျက်ကုန်တာနဲ့ ကျောင်းအုပ်ဆရာကြီးက အရေးပိုင်ကနေမှ ပွဲမိန့်ပိတ်ပေးဖို့ မေတ္တာရပ်ခံရတာတဲ့။

ဒီလိုနဲ့ပွဲမိန့်ပိတ်တော့ မငွေမြိုင် ပခုက္ကူမှာ နောက်ဆုံးတစ်ညနှုတ်ဆက်ပွဲကတော့ ပရိသတ်ကြီးဆိုတာ "ခဲ" နေအောင်ကို လာကြည့်ကြတာတဲ့။ "ဝက်စလီယံကျောင်းအတွင်း၊ အပေါင်းအသင်းနဲ့ သူတို့လာကြရှာ၊ ငွေမြိုင်ကိုချစ်လို့ပါ။ ပခုက္ကူသူလေး မဖြစ်ရှာတမယ်၊ ကြည့်မြင်တိုင်သူလေးဖြင့် ပြန်ရတော့မှာ"ဆိုတဲ့ နှုတ်ဆက်သီချင်းကို အချက်ကလေးနဲ့ တကယ်ဝမ်းနည်းသံနဲ့ဆိုတော့ ကျောင်းသားတွေ စိတ်ထိခိုက်ပြီး ငိုလိုက်ကြတာတဲ့လေ။

ပရိသတ်ရဲ့တောင်းဆိုချက်အရ မငွေမြိုင်ကရတာက "အောင်ဗလအတုအက"တဲ့။ အောင်ဗလဆိုတာက ယောက်ျားမင်းသမီးဆိုတော့ တကယ့်မင်းသမီးအစစ်တွေထက် ပြောရဲ ကရဲတာကိုး။ ဒီအထဲအပြောရဲလှတဲ့မငွေမြိုင်က အောင်ဗလအတု ကပြမယ်ဆိုတော့ ပရိသတ်က ပွဲကျကုန်တာပေါ့။ အကမှာလဲ မငွေမြိုင်တို့က အောင်ဗလကသလို ကပြနိုင်တဲ့သူပါ။ ကရဲပါတယ်။

တကယ်တော့ မြခြေကျင်းမငွေမြိုင်ဆိုတာ အငြိမ့်မင်းသမီးမဟုတ်ပါ။ ဇာတ်မင်းသမီးပါ။ သဘင်အသက် ၃၀ မှာ အငြိမ့်က နှစ်နှစ်လားပဲ ကပါတယ်။ ကျန်တာက ဇာတ်ထဲမှာပဲ ကပါတယ်။ ဒါပေမဲ့ ပရိသတ်ဆိုတာ မငွေမြိုင်ကို အငြိမ့်ပရိသတ်က စွဲလမ်းသလိုမျိုးကို စွဲနေကြတော့တာပါ။ မငွေမြိုင်ကလဲ ဇာတ်ကတာဆိုတာ နှစ်ပါးသွားထွက်ရင် ဇာတ်မင်းသားကိုဘေးချိတ်၊ ပရိသတ်နဲ့နှစ်ပါးသွားတော့တာတဲ့။ တစ်ခါတလေကျတော့ ဆိုင်းဆရာစိန်ဗေဒါနဲ့ နှစ်ပါးသွားတယ်။ ဂရိတ်ဦးဖိုးစိန်နဲ့ နှစ်ပါးသွားတာတောင် မငွေမြိုင်က ပရိသတ်ကိုပဲ အရေးပေးတော့ လူတွေက ဦးဖိုးစိန်လဲ မငွေမြိုင်နဲ့တွေ့မှ နပ်ပစ်ခံရတော့တာပါပဲလို့ ပြောကြသတဲ့။

မငွေမြိုင်ဟာ ဇာတ်သဘင်မှာ နှစ်ပါးသွားကတော့မယ်ဆိုတာနဲ့ အလိုလိုမြေဝိုင်းဇာတ်ဖြစ်သွားတော့တာတဲ့။ ပရိသတ်က မငွေမြိုင်ကို အနီးကပ်မြင်ချင်တော့ ဇာတ်ခုံနားတိုးဝှေ့လာလိုက်ကြတာ ကြာတော့ ဇာတ်စင်နံဘေးဆင်ထားတဲ့ ကားလိပ်တွေ၊ အဖုံးတွေ၊ နဖူးစည်းတွေပါ ဖယ်ပေးရတော့ လေးဖက်လေးတန်က ကြည့်လို့ရတဲ့ ရှေးကမြေဝိုင်းဇာတ်လိုဖြစ်သွားတော့တာပေါ့။

မငွေမြိုင်တို့ခေတ်က ဓာတ်ပြားတွေ၊ ရေဒီယိုကနေ အသံလွှင့်တာတွေမရှိသေးတော့ ကာလသားတွေဆိုတာ မငွေမြိုင်ရဲ့ သီချင်းတွေကို ဒီလိုပဲနှုတ်တိုက်ကျက်၊ ပါးစပ်ဖျားကဆိုနေကြရတာတဲ့။

မငွေမြိုင်က အသက် ၅၆ နှစ်အရွယ်မှာ သူ့မိတ်ဆွေတွေက တောင်းဆိုလို့ ကြာသီချင်းလေးတစ်ပုဒ်ကို အညာလေးတွေနဲ့ ထည့်ဆိုတဲ့အခါ မငွေမြိုင်ရဲ့ ရုပ်လက္ခဏာဟာ သူ့အနုပညာရဲ့အလှအောက်မှာ ဇရာလက္ခဏာတွေပျောက်ပြီးမှ နုပျိုလှပလာတယ်ဆိုပါလား။ မငွေမြိုင်သီချင်းသံကြားတော့ မကတတ်တဲ့ လူတွေကတောင် ကချင်လာတယ်။

မငွေမြိုင် ကရင် အလွန်ခြေဆစ်လက်ဆစ်ကျိုးတာတဲ့။ ကကွက်က ခပ်ကျဲကျဲလေးပါ။ ကိုယ်ရှေ့ ကြမ်းတပြေးတည်း လေး၊ ငါးတောင်လောက်အကွာက ကနေတာတောင် ကိုယ့်အပေါ်မိုးမနေဘဲ ကိုယ့်မျက်စိအောက်မှာဝဲပြီး ကနေသလိုမျိုး သူကနေတာကို ကိုယ်ကစီးကြည့်နေရတဲ့အရသာမျိုးဆိုတော့ မငွေမြိုင်ရဲ့ အကကမှ တကယ်လှတဲ့အက၊ အနုပညာသည်ရဲ့အလှဖန်တီးချက်ပါကလား၊ နောက်ဆုံးမှာတော့ မငွေမြိုင်ရဲ့ အနုပညာဖမ်းစားချက်ထဲမှာ ကိုယ်ပါရောပါသွားခဲ့ရောလားဆိုပြီး လူထုဒေါ်အမာက ရေးပြခဲ့ဖူးပါတယ်။

မြခြေကျင်းမငွေမြိုင်ရဲ့ဇာတိက ကြည့်မြင်တိုင်သူပါ။ မန္တလေးမှာကြီးတာ။ တစ်သက်လုံး မန္တလေးမြို့ ရှမ်းပွဲရပ်မှာနေပြီးမှ နောက်ဆုံးခေါင်းချသွားခဲ့တာပါ။ မငွေမြိုင်ဟာ ဇာတ်မင်းသမီးလုပ်တဲ့အခါ သူ့ဇာတ်သူထောင်ပြီးမှကပါတယ်။ ဦးဖိုးစိန်နဲ့လဲ တွဲကဖူးတယ်။ မငွေမြိုင်နဲ့ ဦးဖိုးစိန်တွဲကရင် ပွဲကြည့်ပရိသတ်များတာမို့ တွဲကခဲ့ပါတယ်။ မငွေမြိုင်မှာကလဲ ဇာတ်ထောင်ထားတယ်။ ဦးဖိုးစိန်မှာကလဲ ဇာတ်ထောင်ထားတယ်။ တွဲကတော့ ဦးဖိုးစိန်ကခေါ်တာနဲ့ သူ့ဇာတ်ထဲသွားကပေးရတယ်။ မငွေမြိုင်တို့များ ဇာတ်တိုက်၊ တီးလုံးတိုက်ထားတာမရှိဘဲ စင်ပေါ်မှာ သူကောင်းမယ်ထင်သလို ကြည့်ကသွားလိုက်တာများ မိုးလင်းတဲ့အထိပါပဲ။ ဒီတော့ ဦးဖိုးစိန်ကပြောပါသတဲ့။ ငွေမြိုင်တို့များ ကသွားလိုက်တာ သူ့ဇာတ်ကျနေတာပဲလို့တဲ့။

မငွေမြိုင်ဆိုတာက ဆေးလိပ်အလွန်ကြိုက်သတဲ့။ သောက်ပြီဆိုရင်လဲ ဆေးပေါ့လိပ်ဆို တုတ်တုတ်ကြီးမှ သောက်တာတဲ့။ ဦးဖိုးစိန်ဆိုတာက စည်းကမ်းကြီးတော့ သူ့ဇာတ်ထဲမှာ ဆေးလိပ်မသောက်ရ၊ ဘာညာ တွေလဲပါမှာပေါ့။ အဲဒါကိုကြားတော့ မငွေမြိုင်က မကြိုက်ရင်လဲ မကရုံပဲပေါ့ဆိုတော့ ဦးဖိုးစိန်က မငွေမြိုင်ကျ ခြွင်းချက်ထားရသတဲ့ဗျား။

မငွေမြိုင်က ဇာတ်သဘင်ပညာမှာ အရည်အချင်းပြည့်ဝတယ်။ မင်းသမီးပေမဲ့ ဇာတ်ကိုဦးစီးနိုင်တယ်။ နောက်ပြီး ပရိသတ်တွေက မငွေမြိုင်ကို စွဲလမ်းကြတာကြောင့် မငွေမြိုင်နဲ့တွဲတဲ့ မင်းသားဆိုတာ ဘယ်တော့မှ မထင်ပေါ်ဘူးတဲ့။ ဒီတော့ မငွေမြိုင်မှာ ဦးဖိုးစိန်နဲ့တွဲကတယ်။ အောင်စိုးဗလနဲ့တွဲကတယ်။ စပယ်တင်နဲ့လဲကတာပဲ။ နောက်ဆုံးအတွဲ မင်းသားတွဲရှာမရလို့ လူပြက်ဦးချစ်ဖွယ်နဲ့ ကရတဲ့အခါလဲရှိသတဲ့။

မင်းသားဦးဖိုးစိန်က သစ္စာထားနှစ်ပါးသွားကတော့ မင်းသမီးနှစ်လက်နဲ့တွဲကသတဲ့။ ဒီတော့ မငွေမြိုင်ကလဲ သူ့ဇာတ်မှာ နှစ်ပါးသွားကတဲ့အခါ မင်းသားကျော်ရှိန်၊ ကျော်အုံး ညီအစ်ကိုနှစ်ယောက်ကို ဘေးမှာထားကတာတဲ့။ မငွေမြိုင်က ဝါရင့်သဘင်ပညာရှင်ဆိုတော့ နှစ်ပါးသွားခန်းကပေမဲ့ မင်းသားတွေကိုအလှည့်ပေး ကခိုင်းပြီးမှ သူကတော့နံဘေးမှာ ဆေးပေါ့လိပ်ကြီးထိုင်သောက်နေတော့တာတဲ့။ မငွေမြိုင် မြှောက်လို့ကတော့ မင်းသားတွေမဆိုထားနဲ့ ရွာစားကြီး စိန်ဗေဒါမှ မခံနိုင် မောဟိုက်အောင်တီးပေးရရှာတာတဲ့။ ဒါပေမဲ့ ရွာစားကြီးကတော့ "မောဘူးဗျ"လို့ပြောဆိုသတဲ့။

မငွေမြိုင်ရဲ့ပွဲကိုကြည့်ဖူးတဲ့လူတွေက မငွေမြိုင်လောက် ကတတ်တဲ့မိန်းမ၊ မငွေမြိုင်လောက်ရဲတဲ့မိန်းမ၊ မငွေမြိုင်လိုမွေးရာပါ အလိုလိုကြာရှိတဲ့မိန်းမက ရှားပါးတယ်လို့ ပြောကြတယ်။ မငွေမြိုင်ကဗျာ၊ ပရိယာယ်ဘက်ကတော့ ကုန်ပါရော။ သဘင်သည်အချင်းချင်းကိုတောင်မှ မျက်နှာညို့တတ်တဲ့ မင်းသမီးပါလို့ လူပြက်ဦးဒင်္ဂါးက ပြောဖူးတယ်။

မငွေမြိုင်ဆိုတာက မင်းသမီးအနေနဲ့ မိန်းမပီးအလွန်တော်တဲ့ ပညာသည်ပါ။ ဇာတ်ခုံဘေး ဘယ်ညာကို သူတစ်ချက်ကြည့်လိုက်တာနဲ့ အကြည့်ခံရတဲ့သူတွေဆိုတာ ဟိုနှယ်၊ ဒီနှယ် ဖြစ်ကုန်ကြရတာချည်းပါ။ မငွေမြိုင်ရဲ့ ပိုးပုံက မျက်စိကလေးနဲ့ပိုးတာ။ သီချင်းကလေးနဲ့ပိုးတာ ဒီထက်မပိုပါ။ သူ့အပိုးက ဇာတ်ခုံပေါ်မှာပဲရှိပါတယ်။ ဇာတ်ခုံပေါ်က ဆင်းလာတဲ့နောက်တော့ ဘာမှမပါလာပါ။ မငွေမြိုင်က ဒီမျက်နှာပေးကို ဆိုတော့ ဘယ်သံကော၊ ညာသံပါပြည့်တယ်။ အသံကိုကြားလိုက်တာနဲ့ ပရိသတ်ဆိုတာ တစ်ခါတည်း အသည်းစွဲသွားပြီး ကြက်သီးမွေးညင်းထလောက်အောင် ဆိုနိုင်သူပါ။

အကကိုကျတော့ မငွေမြိုင်ဟာ မင်းသားကကော မင်းသမီးကပါ ကတတ်တယ်။ ကတဲ့အခါ ခြေဆစ်လက်ဆစ်အလွန်ကျိုးတယ်။ ကကွက်ကျဲတယ်။ အလွန်ဖျတ်လတ်တယ်။ ကပြီဆိုရင် ဝိုင်းနေအောင် ဝဲနေအောင်ကတော့ ကြည့်လို့ကောင်းတယ်။ မငွေမြိုင်ဟာ သူနဲ့ကဖို့ မင်းသားတွေ့တာနဲ့ ဘယ်လိုက ဘယ်လိုကဆိုပြီး အံချပေးနိုင်တဲ့သူပါ။ သူနဲ့တွဲရင် မင်းသားဟာ ကချင်သလိုကလို့မရပါဘူး။ သူနဲ့တွဲကတဲ့ မင်းသားတွေဟာ သူ့ဆီကပညာတွေရသွားခဲ့ကြတဲ့ မင်းသားတွေက ခပ်များများပါ။

မငွေမြိုင်က အကမင်းသားတွေကိုသာ ပညာပေးနိုင်တာမဟုတ်။ စိန်ဗေဒါကလွဲလို့ သူနဲ့တွဲတဲ့ဆိုင်းဆရာတွေကိုကော တိုးတက်မှုရှိအောင်လုပ်ပေးတဲ့ မင်းသမီးပါ။ မငွေမြိုင်က သူဆိုပုံနဲ့တီးပုံလိုက်အောင် ဘယ်လိုတီးရမယ်လို့ ပါးစပ်က တီးပြနိုင်တယ်။ မငွေမြိုင်သီချင်းဆိုတော့လဲ သူ့အသံက ပတ်လုံးပတ်ဆန်ရဲ့ အမြင်ဘက်ကိုမယွင်းစေရ၊ ပတ်စာရေစာနဲ့ အံကိုက်တိခနဲ့နေအောင် ဆိုနိုင်သူပါ။

မငွေမြိုင်ဇာတ်နဲ့ စိန်ဗေဒါဆိုင်း တွဲတဲ့အခါ မငွေမြိုင်ကလဲ အရွယ်ကောင်း စိန်ဗေဒါဆိုင်းကလဲ နာမည်အလွန်ကြီးချိန်ဆိုတော့ ပရိသတ်အတွက်က စွဲမက်စရာတွေချည်းပါပဲ။ အဲဒီအထဲမှာ မငွေမြိုင်နဲ့ စိန်ဗေဒါတို့က ပရိသတ်ကို စိတ်ဝင်စားစေဖို့။ သူတို့ချင်းအချိတ်အဆက်ပြု၊ နှစ်ပါးသွားချိန်မှာ မငွေမြိုင်က မင်းသားကို ဘေးချိတ်ထား၊ စိန်ဗေဒါနဲ့ နှစ်ပါးသွားသလား ထင်ရတဲ့အခါ ပရိသတ်က ပိုစိတ်ဝင်စားကြတာပေါ့။

မင်းသားဘိုးလှိုင်နဲ့ မငွေမြိုင်တို့ နှစ်ပါးသွားတွဲကရင် အဲဒီလိုကရမယ်လို့ မှာထားတဲ့သူများရှိလေသလား။ ဘယ်သူကများ မှာပါလိမ့်မယ်လို့ဆိုပြီး ဘိုးလှိုင်က ရွာစားဆီလှမ်းကြည့်တော့ ပရိသတ်ကြီးက ဝေါခနဲ ပွဲကျကုန်ကြရော။ မငွေမြိုင်ဇာတ်နဲ့ စိန်ဗေဒါဆိုင်းအတွဲညီတော့ မငွေမြိုင်ဇာတ်နဲ့ကရမယ်ဆိုရင် စိန်ဗေဒါကြီးက ရောက်ရာအရပ်က အပြေးပြန်လာတာတဲ့။

**❖ မြခြေကျင်းမငွေမြိုင်ဆိုတာ အငြိမ့်မင်းသမီးမဟုတ်ပါ။ ဇာတ်မင်းသမီးပါ။ သဘင်အသက် ၃၀ မှာ အငြိမ့်က နှစ်နှစ်လားပဲ ကပါတယ်။ ကျန်တာက ဇာတ်ထဲမှာပဲ ကပါတယ်။ ဒါပေမဲ့ ပရိသတ်ဆိုတာ မငွေမြိုင်ကို အငြိမ့်ပရိသတ်က စွဲလမ်းသလိုမျိုးကို စွဲနေကြတော့တာပါ။ မငွေမြိုင်ကလဲ ဇာတ်ကတာဆိုတာ နှစ်ပါးသွားထွက်ရင် ဇာတ်မင်းသားကို ဘေးချိတ်၊ ပရိသတ်နဲ့နှစ်ပါးသွားတော့တာတဲ့။ တစ်ခါတလေကျတော့ ဆိုင်းဆရာစိန်ဗေဒါနဲ့ နှစ်ပါးသွားတယ်။ ဂရိတ်ဦးဖိုးစိန်နဲ့ နှစ်ပါးသွားတာတောင် မငွေမြိုင်က ပရိသတ်ကိုပဲအရေးပေးတော့ လူတွေက ဦးဖိုးစိန်လဲ မငွေမြိုင်နဲ့တွေ့မှ နပ်ပစ်ခံရတော့တာပါပဲလို့ ပြောကြသတဲ့။ ❖**

၁၁ နှစ်၊ ၁၂ နှစ်လောက်ကတည်းက ကြည့်မြင်တိုင် သိမ်ကြီးလမ်းက ဆရာစံဆီမှာ သင်ခဲ့ရတာ။ နောင် သူကမွေးထုတ်လိုက်တဲ့မင်းသမီးမှန်သမျှကို မျက်နှာပေးလုပ်နည်း ကျကျနနသင်ပေးပါတယ်။

မငွေမြိုင်သီချင်းဆိုတော့ ပင်ကိုသံက ကောင်းလှသူမဟုတ်ပါ။ ဒါပေမဲ့ သီချင်းဆိုတဲ့အခါ သံဟောက်သံဟဲကောင်းတယ်။ ပြတ်ပြတ်သားသားဆိုနိုင်တယ်။ ရုပ်သေးမင်းသမီးဆရာပု မေးရိုက်ကောင်းသလို မငွေမြိုင်ကလဲ လိုက်တုဆိုနိုင်သူပါ။ မငွေမြိုင် သီချင်း

မငွေမြိုင်ကစင်ပေါ်ကနေ သူ့ရည်းစားအကြောင်း သီချင်းဆိုလိုက်ရင် အောက်ကဆိုင်းဝိုင်းထဲက စိန်ဗေဒါကြီးဆိုတာ "ဟား ဟား ဟား၊ အဲဒါငါ့ကိုပြောတာကွ။ ငါ့ကိုပြောတာ"လို့ပြောသတဲ့။ မင်းသား ဘိုးလှိုင်၊ ငွေမြိုင်နဲ့ စိန်ဗေဒါတို့ရဲ့ အချိတ်အဆက်တွေဟာ အံဝင်ခွင်ကျတာမို့ ပရိသတ်ကတော့ သိပ်ကြိုက်ခဲ့ဖူးကြသတဲ့လေ။

**ကိုးကား**

**– လူထုဒေါ်အမာ ပြည်သူချစ်သော အနုပညာသည်များ**

# ပြာသိုမှာ ခွာညိုပွင့်ရယ်နဲ့ ဆေးဖက်ဝင်လှသေး

ပေါက်ပေါက်



**ပြာသိုလအကြောင်းသိကောင်းစရာ**

မြန်မာ့ဆယ့်နှစ်ရာသီတွင် "ပြာသိုလ"သည် ဆယ်လမြောက်ဖြစ်သည်။ ဥတုအားဖြင့် ဟေမန္တ ဆောင်းဥတုဖြစ်ကာ အခြားသောလများထက် ပိုအေး၊ ပိုချမ်းသောလဖြစ်သည်။ ပြာသိုလတွင် ကောင်းကင်သည် မိုးတိမ်များကင်းရှင်း၍ သာယာလှပသည်။ နေဝင်သွားသည်နှင့် ပတ်ဝန်းကျင်တစ်ခွင်တွင် မြူနှင်းများကျလာတော့သည်။ ထို့ကြောင့် "မြူနှင်းစိုစို လပြာသို"ဟု တင်စားခေါ်ကြပါသည်။ "ပြာသိုချမ်းပြင်း ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်" ဟူသောအဖွဲ့ဖြင့် ရာသီ၏သဘာဝကို ရှေးပညာရှိတို့က မှတ်သားဖွယ်ဖော်ပြခဲ့ကြသည်။

ပြာသိုဟူသောစကားသည် ပြာနှင့်သိုစကားလုံးတို့ကိုပေါင်းစပ်ထားခြင်းဖြစ်ပြီး ပြာဟူသည် ပျားဖယောင်း၊ ရေနံဖယောင်းဟုအနက်ရသည်။ သိုဟူသည် အဆီဟု အနက်ရသည်။ ထို့ကြောင့် ပြာသိုလဟူသည် ရှေးကမီးထွန်းရာတွင်သုံးရသောပျားဖယောင်းအဆီများကိုစု၍ အရဆုံးလ၊ စုဆောင်းသိုမှီးသောလ ပြာသိုလဟု ရှေးမြန်မာတို့က ယူဆသတ်မှတ်ခဲ့ကြသည်။ ပြာသိုလမှာ ရက် ၃၀ ရှိသောကြောင့် ရက်စုံသောလဖြစ်သည်။ ပြာသိုလ၏ရက်ရာဇာမှာ ကြာသပတေးနှင့် စနေဖြစ်ပြီး ပြဿဒါးနေ့မှာ ဗုဒ္ဓဟူးနှင့် သောကြာဖြစ်သည်။ ပြာသိုလမှာ မြန်မာစက်နာရီအားဖြင့် နေ့မှာ ၂၄ နာရီ၊ ည ၃၆ နာရီဖြစ်ကာ ညတာအရှည်ဆုံးဖြစ်သည်။

မာဂဓစကားဖြင့် "ပေါသီ"ဖြစ်ပြီး ထိုမှတစ်ဖန် သက္ကတဘာသာဖြင့် "ပြောသီ" ဟုရေးသည်။ ပုဂံခေတ်ကျောက်စာများတွင် ပွသိုဝ်ဟုလည်းကောင်း၊ ပွါသိုဝ်ဟုလည်းကောင်း ရေးထိုးခဲ့ကြသည်။ ထိုနှစ်မျိုးတွင် ရေးချမပါသောအရေးအသားက ပို၍တွင်ကျယ်စွာအသုံးများခဲ့သည်။ ထိုမှတစ်ဖန် ယနေ့ခေတ်ကာလတွင် မြန်မာအခေါ်အဝေါ် "ပြာသို"ဟု ရွေ့လျားပြောင်းလဲလာပါသည်။ ပြာသိုလသည် အင်္ဂလိပ်ပြက္ခဒိန်အရ (Capricorn) မကရရာသီဟုသတ်မှတ်ပြီး ရာသီရုပ်ကို ဆိတ်ရုပ်ဖြင့်ပုံဖော်ကြသည်။ ပြာသိုလပြည့်ည၏သန်းခေါင်အချိန်တွင် "ဖုဿ"နက္ခတ်နှင့် "ပုစွန်တာရာ"တို့စန်းယှဉ်ထွန်းလင်းသည်ဟုလည်း အဆိုရှိခဲ့သည်။ ရာသီအားဖြင့် "မကရ"ရာသီရုပ်ကို မကန်းရုပ်ဟု သတ်မှတ်ကြသည်။

**ပြာသိုလရာသီပွဲများ**

ပြာသိုလသည် သဘာဝရာသီဥတု သာယာသည်နှင့်အမျှ ရာသီပွဲဖြစ်သော မြင်းခင်းသဘင်(ခေါ်) မြင်းစီးသူရဲကောင်းတို့၏ စွမ်းရည်ပြိုင်ပွဲ၊ ဆင်ခင်းသဘင်(ခေါ်)စစ်သုံးအာဇာနည်ဆင်ကောင်းများ ရွေးချယ်ပွဲ၊ ဂူလီသဘင်(ခေါ်)ဂူလီရိုက်ပွဲ(မြင်းပေါ်မှ ဂေါက်တံဖြင့် ဂူလီကို လုယက်ရိုးသွင်းခြင်းဖြင့် မြင်းစီးစွမ်းရည်ပြပွဲ) စသည်တို့ကို ဘုရင်မင်းမြတ်ကိုယ်တိုင်ကြီးမှူးကျင်းပသော လတစ်လဖြစ်သည်။ ပင်းယခေတ် တစ်စီးရှင်သီဟသူလက်ထက်တွင် မြင်းခင်းသဘင်စတင်ကျင်းပခဲ့ကြောင်း လေ့လာမှတ်သားရသည်။ မြင်းခင်းသဘင်ဟုဆိုသော်လည်း မြင်းရေးသက်သက်သာမက ဓားခုတ်၊ လှံထိုး၊ လေးအတတ် စသောအဋ္ဌာရသအမျိုးမျိုးကိုပါ ထည့်သွင်းယှဉ်ပြိုင်ကြသောပွဲလည်းဖြစ်သည်။ ထို့ကြောင့် ထိုပွဲများသည် နိုင်ငံတော်ကာကွယ်ရေး၊ သူရဲကောင်းများပေါ်ထွက်ရေး၊ ဆင်ကောင်း၊ မြင်းကောင်းများစုဆောင်းရေး တို့ကိုမျှော်ကိုးပြီး ကျင်းပသော ပွဲကြီး၊ ပွဲကောင်းများဖြစ်သည်။

ပြာသိုလ မြင်းခင်းသဘင်နှင့်ပတ်သက်၍ "ခါးပတ်တော်မှာရွှေချည်စုံ၊ မိုင်းလုံးရွှေဝတ်လုံ၊ မလုံသာချမ်းအေးမြ" ဟူသောအဖွဲ့ဖြင့် စာဆိုပြည်မင်းမျက်နှာရှည်က ဖွဲ့ဆိုပြထားသည်။ ထို့ပြင် ပြာသိုလ၏နှင်းမှုန်များအောက်တွင် မြင်းခင်းသဘင်ပွဲတို့ဆင်နွှဲနေသည့် သူရဲကောင်းတို့၏ပုံသဏ္ဌာန်ကို ဆီသည်ရွာစားဦးအောင်ကြီးကလည်း "ခြေလျှင်ခြေချင်း၊ မြင်းလှည်းမြင်းလျှောက် ထိုးမြောက်လှံလေး၊ ခုန်ပြေးသံလျှင် စိုင်းနှင့်ကြွားကြွားဓားသွားနုတ်ငင်၊ မွှမ်းမွှမ်းဖြင်မျှ သဘင်မြင်းခင်း၊ စစ်အင်ကျင်းသည်" ဟု သရုပ်ဖော်ရေးဖွဲ့ခဲ့သည်ကိုလည်း မှတ်သားရသည်။

ထို့မျှမက ပြာသိုလသည် မြန်မာ့သမိုင်းတွင် ထူးမြတ်သောလ ဖြစ်သည်။ မြန်မာနိုင်ငံသည် ကိုလိုနီခေတ်က ကျွန်ဘဝရောက်ခဲ့ရသည်။ သူကျွန်မခံလိုသောမြန်မာများသည် လွတ်လပ်ရေးကို မိမိရရကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရရှိခဲ့သောနေ့မှာ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်ဖြစ်ရာ ပြာသိုလသည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သောလဖြစ်သည်။

**ပြာသိုလရှင်တစ်ထောင်အခါတော်နေ့**

ပြာသိုလပြည့်နေ့ကို "ရှင်တစ်ထောင်အခါတော်နေ့"ဟု ခေါ်ဆိုမှတ်ယူကြသည်။ ပြာသိုလရာသီပွဲများကို လူသိများသော်လည်း ရှင်တစ်ထောင်အခါတော်နေ့ကိုမူ နှောင်းလူများအနေဖြင့် သိသူနည်းလွန်းသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဥရုဝေလတောအုပ်၌ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပဟူသော ရသေ့ညီနောင်သုံးဦးတို့သည် အကြီးအမှူးပြု၍ ဥရုဝေလကဿပ၌ တပည့်ငါးရာ၊ နဒီကဿပ၌ တပည့်သုံးရာ၊ ဂယာကဿပ၌ တပည့်နှစ်ရာ အသီးသီးရှိကြ၍ မြစ်ကွေ့တစ်ခုစီတို့ကို မှီလျက်နေကြသည်။

ကိလေသာတရားတို့ ခေါင်းပါးပျက်ပြယ်အောင် ရေငုပ်၊ ဇယ်ခတ်၊ ကြိုးခုန်စသောကစားနည်းအမျိုးမျိုးကစားကြပြီးနောက် မိမိကိုယ်ကိုမီးကင်၍ အပူပြင်းစွာဖြစ်လာသောအခါ "ကိလေသာကိုရေမှာမျှောအုံ့"ဟု ရေသို့တစ်ဖန်ဆင်း၍ မှားသောအယူကိုကျင့်ကြသည်။ မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပထမဝါကျွတ်ပြီးနောက် ရသေ့တစ်ထောင်ကို ချေချွတ်ရန် ဥရုဝေလတောသို့ တန်ဆောင်မုန်းလပြည့်နေ့၌ ရောက်တော်မူသည်။ ပြာသိုလပြည့်နေ့ထိ နှစ်လကြာမျှ ဥရုဝေလတောတွင် သီတင်းသုံးကာ ရသေ့များကို စည်းရုံးခဲ့သည်။ ထို့နောက် ရသေ့တစ်ထောင်သည် အယူမှားကို စွန့်လွှတ်ကာ ပြာသိုလပြည့်နေ့၌ ဗုဒ္ဓသာသနာတော်သို့ ကူးပြောင်းရောက်ရှိခဲ့သည်။ ဤသည်ကိုအစွဲပြု၍ ပြာသိုလပြည့်နေ့ကို "ရှင်တစ်ထောင် နေ့"ဟု ခေါ်ဆိုခြင်းဖြစ်သည်။

**ပြာသိုလပြည့်အမေများနေ့**

ရှေးအခါက ပြာသိုလတွင် အထက်ဖော်ပြပါ ရာသီပွဲများနှင့် အခါတော်နေ့များကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသကဲ့သို့ သည်ဘက်ခေတ်တွင် စာရေးဆရာ၊ ဒါရိုက်တာကြီး ဆရာကြီးဦးသုခက ပြာသိုလပြည့်နေ့ကို "အမေများနေ့"အဖြစ် သတ်မှတ်ကာ ဆရာကြီးဦးသုခ၏ညွှန်ကြားချက်နှင့် ပြာသိုလပြည့်နေ့တွင် အမေများ၏ဂုဏ်ကျေးဇူးကို ဖော်ထုတ်သည့်အနေဖြင့် "အမေများနေ့" စာပေဟောပြောပွဲများကို မြန်မာနိုင်ငံအနှံ့စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ မိခင်၏ကျေးဇူးကြီးမားပုံကို ယနေ့ခေတ်လူငယ်များ နားလည်သဘောပေါက်ကြပြီး မိဘကျေးဇူးကို အလေးအနက်ထားတတ်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

**ပြာသိုလ ခွာညိုပန်း**

ခွာနီ၊ ခွာဖြူ၊ ခွာညို ဟူ၍ အမျိုးမျိုးရှိသည်။ နိုင်ငံခြားဖြစ်ခွာညိုပန်းပြာမျိုးကိုလည်း ယခုအခါ တွေ့မြင်ရသည်။ မြူနှင်းဝေ၍ ချမ်းအေးလွန်းသော ပြာသိုလတွင် ပန်းပေါင်းစုံစွာဖူးပွင့်ကြသည့်အပြင် ခွာညိုပန်းသည် ပြာသိုလ၏ရာသီပန်းဖြစ်ပါသည်။ ငွေနှင်းစိုစိုဖြင့် ဖူးကြပွင့်ကြပြီး ရနံ့ကြိုင်လှိုင်သင်းပျံ့သည်။ ခွာညိုပန်းသည် ပွင့်ဖတ်ခွံအညိုရောင်သန်းသောကြောင့် "ခွံညို" ဟု ရှေးက ရေးသားခဲ့ကြသည်။ ယခုခေတ်တွင်မူ "ခွာညို" ဟုသာခေါ်ဝေါ်ရေးသားကြသည်။

**ဆေးဖက်ဝင်တဲ့ ခွာညိုပန်း**

နွယ်ပင်များအနက် နှစ်သက်ဖွယ်ကောင်းသောအပင်မှာ "ခွာညိုပင်"ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ခွာညိုပင်မျိုးစိတ်ပေါင်း ၁၀၀ မျှရှိသည်။ နှစ်ကြာရှည်ခံ အပင်မျိုးဖြစ်သည်။ အုတ်နံရံ၊ ခြံစည်းရိုး၊ သစ်ပင်တို့ကို နွယ်ပတ်၍ ပေါက်တတ်သည်။ မြန်မာနိုင်ငံရှိ ခွာညိုပင်ကို ရုက္ခဗေဒအလိုအားဖြင့် Clematis Smilacifolia ဟုခေါ်သည်။ ရေမြေဒေသပေါ်လိုက်၍ အချို့နိုင်ငံများတွင် Clematide Recta, Clematis Recta, Clématite, Clématite Dressée, Clématite Droite, Ground Virginsbower, Upright Virgin'Bower, Virgin's Bower ဟုလည်း အမျိုးမျိုးခေါ်ကြသည်။

လူအများစိုက်ပျိုးလေ့ရှိသော ခွာညိုမျိုးမှာ ပန်းဖြူမျိုးဖြစ်သည်။ အပွင့်များမှာ ဆွတ်ဆွတ်ဖြူ၍ အနံ့လည်း မွှေးသည်။ ခွာညိုပန်းပွင့်ချိန်တွင် တစ်ပင်လုံးမှာ ပွင့်ဖြူကလေးများလွှမ်းနေ၍ ဝေဝေဆာဆာရှိသည်။ အပွင့်များပွင့်ပြီးနောက် အစေ့များသည် လေတိုက်ရာတွင် လွင့်ပါသွား၍ ပန်းမျိုးပြန့်ကြသည်။ ခွာညိုပန်းပြာမျိုးသည် ဂျပန်နိုင်ငံ၌ စတင်ပေါက်ဖွားခဲ့သည်။ အခြားတိုင်းပြည်များက ထိုပန်းမျိုးကို ဂျပန်နိုင်ငံမှမျိုးယူ၍ စိုက်ပျိုးကြသည်။ ခွာညိုပန်းပြာမျိုးသည် မြေဩဇာထက်သန်ကောင်းမွန်သောမြေတွင်သာ ဖွံ့ဖြိုးစွာပေါက်ရောက်နိုင်သည်။

ခွာညိုပန်းခြောက်ကို အကျိတ်အဖု၊ အဖျား၊ အော့အန်ခြင်း၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ခြေသလုံးသွေးကြောထုံးခြင်း၊ အရေပြားဖက်ခွက်နာအမျိုးမျိုး၊ ဂေါက်ရောဂါ၊ အရိုးကျိုးခြင်း၊ အရေပြားရောင်ရမ်းနာများနှင့် ပြဿနာအမျိုးမျိုး၊ ခြေထောက်ဖောရောင်ခြင်း၊ အရေပြားထိခိုက်ရှနာများ၊ ရေယုန်ရောဂါနှင့် နှလုံးရောဂါများ ကုသရန်အတွက် တိုင်းရင်းဆေးဝါးများတွင် ထည့်သွင်းဖော်စပ်လေ့ရှိသည်။ ခွာညိုစေ့များကို မီးယပ်နှင့် ဒူလာရောဂါများအတွက် ဘယဆေးများတွင် အသုံးပြုလေ့ရှိသည်။

ခွာညိုပန်းပြာကို ဂျပန်နိုင်ငံတွင်တွေ့ရပြီး ၎င်းပင်စည်မှအဆီကို ထုတ်ယူ၍ ဂျပန်ဆေးသုတေသီများက ဒူလာရောဂါအတွက် အသုံးပြုလေ့ရှိသည်။ ထို့ပြင် ဆောင်းရာသီ ခံတွင်းအပူကန်နာရောဂါအတွက် ခွာညိုပန်းခြောက်ကို ကြိတ်ခြေ၍ အနာပေါ်လိမ်းအုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။ ခေါင်းကိုက်၊ ခေါင်းမူးခြင်း၊ အိပ်ရေးမဝ၍ နွမ်းနယ်ခြင်းအတွက် ခွာညိုပန်းကို တဝကြီးရှူရှိုက်ပေးခြင်းဖြင့် လန်းဆန်းလာစေသည်။

❖ ခွာညိုပန်းပြာကို ဂျပန်နိုင်ငံတွင်တွေ့ရပြီး ၎င်းပင်စည်မှအဆီကို ထုတ်ယူ၍ ဂျပန်ဆေးသုတေသီများက ဒူလာရောဂါအတွက် အသုံးပြုလေ့ရှိသည်။ ထို့ပြင် ဆောင်းရာသီ ခံတွင်းအပူကန်နာရောဂါအတွက် ခွာညိုပန်းခြောက်ကိုကြိတ်ခြေ၍ အနာပေါ် လိမ်းအုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။ ခေါင်းကိုက်၊ ခေါင်းမူးခြင်း၊ အိပ်ရေးမဝ၍ နွမ်းနယ်ခြင်းအတွက် ခွာညိုပန်းကို တဝကြီးရှူရှိုက်ပေးခြင်းဖြင့် လန်းဆန်းလာစေသည်။ ❖

အချုပ်အားဖြင့်ဆိုသော် မွှေးကြိုင်သင်းပျံ့ဆေးဖက်ဝင်ခွာညိုပန်းကလေးများကို ပြာသိုလတွင်သာ တွေ့ရတတ်သဖြင့် တခုပ်တရ ဘုရားလည်းကပ်လှူကြသလို ခေါင်းတွင်လည်း အမြတ်တနိုးပန်ဆင်ကြသည်ဟု ရေးသားလိုက်ရပါသည်။

**(သတိပြုရန်)**

ခြွင်းချက်အနေဖြင့် ကိုယ်ဝန်ဆောင် မိခင်လောင်းများနှင့် နို့တိုက်မိခင်များက ခွာညိုပန်းဝတ်ဆံကို ပါးစပ်ထဲမဝင်မိပါစေနှင့်။ ဘေးထွက်ဆိုးကျိုးအဖြစ် နုနယ်သောကလေးငယ်အပေါ် ဘေးထွက်ဆိုးကျိုးရှိနိုင်ကြောင်း နိုင်ငံတကာဆေးသုတေသီတချို့ကသတိပေးထားသည်။ မွေးရာပါ ပန်းနာရင်ကျပ်ရောဂါရှိသူများအနေဖြင့်လည်း ပန်းဝတ်မှုန်ရှိုက်ခြင်းကိုရှောင်နိုင်လျှင်ကောင်းပါမည်။

**ကိုးကား**

-မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၂)

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ၃၇၂၃ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ခင်းကိုတွေ့ရစဉ်။

**ကျုံပျော် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၃၇၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ၃၇၂၃ ဧကကို ၂၀၂၃ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၃၇၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)များ လျာထားချက်အတိုင်းပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်အတွင်းဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ၃၇၂၃ ဧကထိ လျာထားစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)တွေကို လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပါပြီ။ ကျုံပျော်မြို့နယ်မှာ ဆောင်းသီးနှံတွေကို ၂၀၂၃ ခုနှစ် အောက်တိုဘာလကတည်းက စိုက်ပျိုးခဲ့တာပါ။ အခုစိုက်ပျိုးထားတဲ့ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)တွေက မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေဩဇာအဖြစ် ပြန်လည်အသုံးပြုစိုက်ပျိုးနိုင်ဖို့ ဖြစ်ပါတယ်။ ဒါမှလဲ တောင်သူတွေ မြေဩဇာအတွက် ကုန်ကျစရိတ်တွေ သက်သာပြီး သီးနှံတွေ အထွက်နှုန်းကောင်းစေဖို့ဖြစ်ပါတယ်။ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) အပါအဝင် ဆောင်းသီးနှံတွေအားလုံး အခက်အခဲမရှိ လျာထားချက်အတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေး လုပ်ငန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)အပါအဝင် ဆောင်းသီးနှံများအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနစသည့် ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်တံခါးမြို့နယ် တောင်ပေါ်စုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်တံခါး ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ပေါ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောင်ပေါ်စုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကျောက်တံခါးမြို့နယ် တောင်ပေါ်စုကျေးရွာ၌ ၄၀၀ ပေ မီတာအားလိုင်း အရှည်ပေ ၂၅၀၀ သွယ်တန်းခြင်းလုပ်ငန်းနှင့် တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၆ ဒသမ ၉၄ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၂ သိန်း စုစုပေါင်းငွေကျပ် ၂၈ ဒသမ ၉၄ သိန်းဖြင့် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတတိယပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**






အာရုံခံကားစက်ကိုသေချာစွာစစ်ဆေးပြီး
အသုံးပြုထားကြောင်း အာမခံပါသည်။

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ပြိုက်မက်မောစွာ အသုံးပြုနေသော



ပြင်ဦးလွင်
# နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

# STARMART MANDALAY Wholesale




STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ အောင်မြေသာစံ၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

အရည်အသွေးပြည့် စားသောက်ကုန်များ
အပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို
စိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

မြင်ငမေစာနာမေးစိုက်
# ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
[illegible]


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ သုံးလျှင် သတိယူဦး အောက်တွင် ခံခွက် မမေ့နှင့်

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ ဖတ်ကြစို့

❖ အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများအားလုံး တိုးတက်အောင် ဆောင်ရွက်နေရမည်ဖြစ် ...

❖ မည်သည့်လုပ်ငန်းမှ ရပ်တန့်နေ၍မရ ...

❖ ရပ်တန့်နေပါက ရပ်တန့်နေသည့် နယ်ပယ်၊ ရပ်တန့်နေသည့်ဒေသ ကျန်ခဲ့မည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်



ဘုရားစေတီပုထိုးများနှင့်ဘာသာရေး ဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် သံဃာတော်များ၊ သာသနာ့ဝန်ထမ်း သီလရှင်များနှင့် မျိုးချစ်ပြည်သူများက ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၄**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သစ်ရပ်ကွက်ရှိ ခရိုင်အားကစားကွင်း၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြရာ

စာမျက်နှာ ၁၉ ကော်လံ ၄ ☆

ချောင်းသာကမ်းခြေ အပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ စာမျက်နှာ - ၁၆

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ ကန်ဒေါ်လာ ခုနစ်ဘီလီယံ ရရှိခဲ့ စာမျက်နှာ - ၅

ဧရာဝတီမြစ်အတွင်း လင်းပိုင်များ မင်းကွန်းအနီးတွင် ဧရာဝတီလင်းပိုင် ၁၇ ကောင်ခန့် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ စာမျက်နှာ - ၁၆

### ထူးခြားသည့် ညအပူချိန်များ

၁၄-၁-၂၀၂၄

| | | |
|---|---|---|
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၂ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၄ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |
| မြင်ဦးလွင် | ၄ | ဒီဂရီစင်တီဂရိတ် |

